ကြေးမုံ The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (28-7-2015) (၈၂၇၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပီရူးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သည့် ပီရူးသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပီရူးသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုလန်တာ မို့ဆက်စ် ဟူမာလာ တက်ဆို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးရွာသွန်းမှုများ

| | | | | |
|---|---|---|---|---|
| မောင်တော | ၁၁ | ဒသမ | ၉၆ | လက်မ |
| ပလက်ဝ | ၈ | ဒသမ | ၀၃ | လက်မ |
| ကျောက်တော် | ၇ | ဒသမ | ၇၂ | လက်မ |
| ဟားခါး | ၇ | ဒသမ | ၁၆ | လက်မ |
| မြောက်ဦး | ၆ | ဒသမ | ၉၃ | လက်မ |
| ဂွ | ၆ | ဒသမ | ၂၆ | လက်မ |
| ချောင်းဆုံ | ၆ | ဒသမ | ၀၂ | လက်မ |
| သံတွဲ | ၅ | ဒသမ | ၇၂ | လက်မ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၁၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၁၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတများနှင့် ၎င်းတို့၏ဇနီးများနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## စစ်တောင်းနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၀ စင်တီမီတာ(ပေ၀က်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

**မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးရေလှောင်တမံကြီး(၁၇)ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်းနှင့် တာတမံများ ကျိုးပေါက်မှုမရှိကြောင်း သိရသည်။**

အဆိုပါ ရေလှောင်တမံကြီး ၁၇ ခုမှာ ရေဘုတ်ရေလှောင်တမံ၊ လိုင်ဗားရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံ၊ ရာဇဂြိုလ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ မင်းရဲချောင်းရေလှောင်တမံ၊ တောင်နဝင်းရေထိန်းတမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ဖြစ်သည်။

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးဘဲ အဆိုပါရေလှောင်တမံများရှိ ရေပမာဏမှာ ကင်းသာရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁ ဒသမ ၂၀)ပေ၊ မုန်းချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၆၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၀ ဒသမ ၈၀)ပေ၊ ဆင်သေရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၅၆၄၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု

စာမျက်နှာ ၇ ကော်လံ ၃ သို့ ❐



ကြေးမုံစာတည်းရှုထောင့် ၂၈-၇-၂၀၁၅၊ အင်္ဂါနေ့

# ရေဘေးသတိပြု ကြိုတင်ကာကွယ်

ယခုလ တတိယပတ်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်း အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာဒေသအများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူ၊ ကောလင်း၊ ဝန်းသို၊ ကျွန်းလှ၊ ဘုတလင်၊ မင်းကင်းစသည့်မြို့နယ်များတွင် ဆိုးရွားသည့်ရေဘေးဒုက္ခများ ကြုံတွေ့ခဲ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင်သာမက ကချင်ပြည်နယ်အချို့ဒေသများနှင့် ရှမ်းပြည်နယ်ဒေသများတွင်လည်း မိုးသည်းထန်မှုဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် တောင်ကျချောင်းရေများကျဆင်းခြင်း၊ ဆည်တမံများမှ ရေပိုများလျှံထွက်ခြင်းတို့ဖြစ်ပွားခဲ့ရာ ကားလမ်းများ၊ ရထားလမ်းများနှင့် တံတားငယ်၊ တံတားလတ်၊ တံတားဟောင်းများ ပြိုကျပျက်စီးခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နေအိမ်များပျက်စီးခြင်းနှင့်အတူ လူအချို့လည်း ရေစီးနှင့်အတူ မျောပါအသက်ဆုံးရှုံးကြရသည်။

မိုးတွင်းကာလတွင် မိုးရွာသွန်းမှုမှာ မဆန်းသော်လည်း ပုံမှန်ရွာသွန်းမြဲထက် လွန်ကဲစွာရွာသွန်းသောအခါ မမျှော်လင့်သော အဖြစ်ဆိုးများနှင့် ကြုံတွေ့လာရသည်။ သဘာဝဘေးအန္တရာယ်များလာသောအခါ သဘာဝကိုရင်မဆိုင်နိုင်ဘဲ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည်။ ယခုကြုံတွေ့နေရသော သဘာဝဘေးကို သတိပြုရမည်။ သင်ခန်းစာယူရမည်။ သဘာဝဘေးဆိုသည်မှာ အချိန်အခါမရွေး ကျရောက်နိုင်သောကြောင့်ဖြစ်သည်။ မဖြစ်ခင်က ကြိုတင်ရှောင်ရှားတားဆီးနိုင်အောင်၊ ဖြစ်လာပါကလည်း ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုလွန်ကဲစွာ ရွာသွန်းခဲ့သောမိုးသည် မြန်မာပြည်အထက်ပိုင်းတွင်ဖြစ်သည်။ အထက်ပိုင်းလွင်ပြင်ဒေသနှင့် ကုန်းမြင့်တောင်တန်းဒေသတို့၌လည်း မိုးသည်းထန်စွာရွာသွန်းသည်ကို သတိပြုရမည်။ ရေသည် မြင့်ရာမှ နိမ့်ရာသို့စီးဆင်းမြဲဖြစ်သည်။ အထက်တွင် တစ်ဟုန်ထိုးရွာသွန်းသောမိုးသည် အလျှံပယ်ရေလွှမ်းမိုးပြီးနောက် ရေအချို့ မြေအောက်သို့ရောက်ရှိသွားသကဲ့သို့ ရေများမှာမြစ်ချောင်းများသို့ တစ်စတစ်စဆင်းသက်နေသည်ကို သိရှိကြလိမ့်မည်ဖြစ်သည်။

မြန်မာပြည်အလယ်ပိုင်း၊ အောက်ပိုင်းမှ မြစ်ချောင်းများစုန်ဆင်းရာ မြေနိမ့်ရပ်ဝန်းများတွင် မြစ်ရေများမှာ တရိပ်ရိပ်တက်၍နေသည်။ အောက်ပိုင်းတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်သေးသော်လည်း အပေါ်ရေကုန်လျှင် အောက်ရေပြည့်မည်ဖြစ်သည်။ လတ်တလောတွင် ရေများရာမိုးရွာဆိုသကဲ့သို့ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် မုန်တိုင်းငယ်တစ်ခုလည်းဖြစ်ပေါ်နေပြန်ရာ ရှေ့အဖို့လည်း မိုးပိုနေဦးမည်ဖြစ်သည်။

မြန်မာပြည်အောက်ပိုင်းတွင် မြစ်ရေတရိပ်ရိပ်တိုးနေသည်။ အောက်ပိုင်းဒေသအချို့မှ ရေတားရေကာများကို စောင့်ကြည့်နေရသည်။ ရေလမ်းကြောင်းကျရောက်နိုင်သော အနိမ့်ပိုင်းဒေသများအဖို့ ယခုကတည်းက ကြိုတင်ကာကွယ်ထားကြရမည်။ ယခုမိုးများသည့်ဖြစ်စဉ်ကြောင့် ရေကြီးရေလျှံဖြစ်ပွားရသော အကြောင်းအရင်းနှင့် ပိုမိုဖြစ်ပွားရခြင်းတို့ သတိပြုဆင်ခြင်ပြင်ဆင်ဆောင်ရွက်ကြရမည်။

ရေကြီးရေလျှံမှုဖြစ်စဉ်တွင် မြစ်ချောင်းများမှာ အရေးကြီးသည်။ မြစ်ချောင်းလမ်းကြောင်း ကောင်းမွန်ပါက ရေသည် မြစ်ချောင်းအတွင်း၌သာ အဓိကရှိနိုင်သည်။ မြန်မာပြည်အထက်ပိုင်းဒေသများ ရေကြီးရေလျှံပြီးနောက် သဲနုန်းများမှာ နေရာအနှံ့အပြားတွင် ထူထဲစွာကျန်ရှိခဲ့သည်ကို သတိပြုရမည်ဖြစ်သည်။ သစ်တောများပြုန်းတီးမှုကြောင့် မြေဆီလွှာများတိုက်စားပွန်းပဲ့မှု လွယ်ကူသည်။ သစ်တောသစ်ပင်များမှာလည်း ယခုအခါ ပါးလျားလာ၍ သဲနုန်းပို့ချမှုများက သက်သေပြလျက်ရှိသည်။ မြစ်ချောင်း၊ ဆည်ကန်များတွင်လည်း ထို့အတူပင်ဖြစ်သည်။ မြစ်ချောင်း၊ ကန်မြောင်းများ နုန်းထူထပ်လာ၍ ရေနေမှုနည်းကာ ပတ်ဝန်းကျင်တွင်ရေဖုံးလွှမ်းနိုင်သဖြင့် ရေဝေရေလဲသစ်ပင်များကို မဖြစ်ခင်ကတည်းက ထူထောင်ထားကြရမည်။

ယခုနှစ်မိုးရာသီမှာ ယခင်နှင့်မတူ ထူးကဲစွာရွာသွန်းသောကြောင့် ရေများအလျှံပယ်ဖုံးလွှမ်းသွားရသည်။ ရေသည်မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတတ်ပြီး ရေစီးဆင်းရာလမ်းကြောင်းဖြောင့်တန်းအောင်၊ မြေဆီလွှာများတိုက်စားခြင်းမပြုအောင် ရေဝေရေလဲသစ်ပင်စိုက်ခင်းများကို နောင်နှစ်များစွာအတွက် ကြိုတင်စိုက်ပျိုးထားခြင်းဖြင့် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေမည်ဖြစ်သည်။ ။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၂၇

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၀-၇-၂၀၁၅ ရက်နေ့မှ ၂၄-၇-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၈၇ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၉၇ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၅၀၀၀ | - ၇၃၆၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၅၀၀၀ | - ၇၃၆၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၆၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉. ၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၅၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၅. ၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၃၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၀၂. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅. ၇၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၁. ၇၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၂. ၈၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော် အခမဲ့အပျော်စီးသင်္ဘောစီးကာ အမှတ်တရဓာတ်ပုံရိုက်သူများပြား

**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀)ပြည့်ပွဲတော်ကို ဇူလိုင် ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိသည်။ စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံတွင် ထင်ရှားပြီး မသိသူမရှိသော မြို့ပင်ဖြစ်သည်။ သူတော်စင်များ တရားရှာဖွေရာ စစ်ကိုင်းတောင်တော်မဟာသည် ထင်ရှားလှသည်။ စစ်ကိုင်းမြို့ကို ပင်းတယ မြို့တည်တစ်စီးရှင်သီဟသူ၏ မြောက်နန်းရတနာပုံမိဖုရားမှ ဖွားမြင်သော အသင်္ခယာစောယွမ်းက သက္ကရာဇ် ၆၇၇ တွင် အတုလဝတီမြို့ကိုတည်ခြင်းမှသည် စစ်ကိုင်းသမိုင်းကိုစတင်ခဲ့သည်ဟု သိရသည်။

စစ်ကိုင်းဟု ခေါ်တွင်လာမှုကို ပြောဆိုရာတွင် စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝဟူသော မျက်မမြင်အမြွာမင်းသားနှစ်ပါး မသိုးထမင်း မသိုးဟင်းနှင့် ဖောင်မျောလာရာ စစ်ကိုင်းအရပ်အရောက်တွင် မြစ်အတွင်းကိုင်းပေါက်နေသော စစ်ပင်မှစစ်ကိုင်းနှင့်ငြိကာ ဖောင်ရပ်တန့်မှုကြောင့် စစ်ပင်ကိုင်း(သို့မဟုတ်)စစ်ကိုင်းဟု ခေါ်တွင်ခဲ့ကြောင်းနှင့် တစ်ဖက်တွင်လည်း ဧရာဝတီမြစ် စီးဆင်းလာရာတွင် စစ်ကိုင်းမြို့အရောက်တွင် လေးကိုင်းသဖွယ် အရှေ့မှအနောက်စကိုင်းကာ စီးဆင်းသွားခြင်းကို အကြောင်းပြုကာ စကိုင်းမှသည် စစ်ကိုင်းဟုခေါ်ဝေါ်ကြောင်း သုတေသနပညာရှင်များ၏ မှတ်တမ်းများတွင် နှစ်မျိုးနှစ်စား လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းမြို့သည် ဇေယျာရွှေမြေဟုလည်း ညွှန်းဆိုသလိုပင် သူတော်စင်များ တရားရှာရာ စစ်ကိုင်းတောင်တော်မဟာရှိသည့် မြို့အဖြစ်တင်စားထားသည်။ ကြုံခဲ့သော နှစ်(၇၀၀)ပြည့်ပွဲအတွက် (၇၀၀)ပြည့်ကွင်းတွင်လည်း မိုးရွာသည့်တိုင်အောင် ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာကြသည်။ နေရာအသီးသီးမှစတုဒိသာအလှူများကိုလည်း ပျော်ရွှင်စွာစားသောက်ကြသည်။ ထိုစတုဒိသာမဏ္ဍပ်များတွင် စစ်ကိုင်း သောတာပန်အရပ်ရှိ လေးကျွန်းမာန်အောင်ဘုရား စတုဒိသာမဏ္ဍပ်သည် ပိုမိုစည်ကားပြီး စစ်ကိုင်းနှစ်(၇၀၀)ပြည့် အထိမ်းအမှတ် အခမဲ့အပျော်တမ်းသင်္ဘော၊ မော်တော်များစီးကာ အမှတ်တရဓာတ်ပုံရိုက်ကူးသူများ များပြားလျက်ရှိသည်။ နှစ် (၇၀၀)ပြည့် ပွဲလာပရိသတ်များသည် လေးကျွန်းမာန်အောင်မှ အခမဲ့အပျော်စီးသင်္ဘောစီးနင်းမှုကို နှစ်သက်သဘောကျကြသည်။ နှစ် (၇၀၀)ပြည့် အမှတ်တရလည်းဖြစ်နေသည်။ သင်္ဘောသည် ဧရာဝတီမြစ်တွင်းမှ လှပသောတံတား ညီနောင်မြစ်ညီအစ်မဟုတင်စားသည့် ဧရာဝတီတံတား(ရတနာပုံ)အင်းဝတံတားနှင့်ဧရာဝတီအလှ၊ ဒုဋ္ဌဝတီမြစ်အလှ၊ ကမ်းနှစ်ဖက်မှ ရွှေကြက်ယက်စေတီ၊ မယ်နုအုတ်ကျောင်းတို့ဘက်သို့ပတ်၍ ခုတ်မောင်းပေးသည်။ စစ်ကိုင်းနှစ်(၇၀၀)ပြည့်ပွဲတော်တွင် စတုဒိသာစားခြင်း၊ အခမဲ့အပျော်စီးသင်္ဘောစီးရခြင်းမှာ ဘဝတွင် အမှတ်တရဖြစ်နေသော ပွဲအဖြစ် ရင်ထဲစွဲထင်ကျန်ရစ်ကြောင်း ပွဲတော်လာ အပျော်စီးသင်္ဘောစီးသူတစ်ဦးက ပြောပြသည်။ **(တိမ်တမန်)**

# မော်တော်ယာဉ်နှင့်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး မြို့နယ်များတွင် ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဩဂုတ်လအတွင်း မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်ပေးမည့်ဒေသများမှာ နေပြည်တော်တွင် တပ်ကုန်း၊ ကချင်ပြည်နယ်တွင် တနိုင်း၊ ဖားကန့်၊ ကာမိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆားလင်းကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေကျင်၊ အုတ်ဖို၊ မကွေးတိုင်းဒေသကြီးတွင် ရေစကြို၊ စေတုတ္တရာ၊ အောင်လံ၊ မန္တလေးတိုင်းဒေသကြီးတွင် မြစ်သား၊ တောင်သာ၊ ငါန်းဇွန်၊ မွန်ပြည်နယ်တွင် ဘီးလင်း၊ ရခိုင်ပြည်နယ်တွင် ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှည်းကူး၊ ရှမ်းပြည်နယ်တွင် ညောင်ရွှေ၊ နောင်ကား၊ နမ့်စန်၊ နမ့်ဆန်၊ တာလေ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ငပုတော၊ ကျိုက်လတ်၊ မြန်အောင်၊ ကြံခင်းမြို့နယ်တို့တွင် လှည့်လည် ပြုလုပ်ပေးမည်ဖြစ်သည်။

**(ကြေးမုံ)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**✻ ရှေ့ဖုံးမှ**

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအရိယာလင်္ကာရ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



# အခြေခံလူတန်းစားများအတွက် အိမ်ခန်းတစ်ခန်းလျှင် ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ တန်ဖိုးနည်းအိမ်ရာအခန်းများ ဆောက်လုပ်တော့မည်

**ရန်ကုန် ဇူလိုင် ၂၇**

အခြေခံလူတန်းစားများ အဆင်ပြေစေရေးအတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ တစ်ခန်းလျှင် ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ တန်ဖိုးနည်းအိမ်ရာ အခန်းသုံးသိန်းအားဆောက်လုပ်ရန် ရန်ကုန်မြို့တွင် စီစဉ်ထားပြီးဖြစ်သည်။

ထိုကဲ့သို့သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းအား ၅ နှစ်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ပြီး အဆောက်အအုံတစ်လုံးလျှင် ၈ လွှာပါဝင်မည်ဖြစ်ကာ အခန်းပေါင်း ၃၁၂ ခန်းပါဝင်မည်ဖြစ်သည်။ ဓာတ်လှေကား၊အရေးပေါ်လှေကားစနစ်များပါဝင်ပြီးအခန်းတစ်ခန်းလျှင် အကျယ် ၁၀ ပေ × ပေ၂၀ ရှိမည်ဖြစ်ကာ ကော်ရစ်တာနှင့် LED မီးလုံးများ တပ်ဆင်ပါဝင်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့လယ်နှင့် နီးကပ်သည့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် ဆောက်လုပ်ရန် မျှော်မှန်းထားကြောင်းသိရပြီး တန်ဖိုးနည်းအိမ်ရာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား မြေနေရာတင်ပြထားကြောင်းလည်း သိရသည်။

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက "အဆောက်အအုံတစ်လုံးကို ၃၁၂ ခန်းပါဝင်မှာပါ။ အဓိကအခန်း သုံးသိန်းကို ဘာလို့ဆောက်လုပ်ရတာလဲဆိုတော့ အခန်းတစ်သောင်းလောက်ပဲ ဆောက်မယ်ဆိုရင် အကုန်ဝိုင်းဝယ်ယူလိုက်ကြတော့ကုန်သွားရော။ အဲဒီတော့လိုချင်၊ နေချင်တဲ့အခြေခံလူတန်းစားတွေမရတော့ဘူး။ ကျွန်တော်ကတစ်ခန်းကို ၄၅ သိန်းနဲ့ရောင်းရင် ကြားပွဲစားကြောင့် သိန်း ၄၅၀ ဖြစ်သွားရင် အလကားပဲ၊ မြေနေရာအတွက် ပြည်ထောင်စုအစိုးရကို တင်ပြထားပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကိုလည်း တင်ပြထားပါတယ်။ ဒီကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာဆိုရင် ဝန်ထမ်းများအတွက်လည်းအဆင်ပြေပါတယ်။ နောက်တစ်ခါ ဒီဘက်ကမ်းက ကျူးကျော်အိမ်များအတွက်လည်း အဆင်ပြေပါတယ်။ တံတားထိုးပေးလိုက်ရင်တော့ ပိုအဆင်ပြေတာပေါ့။ ဆူးလေဘုရားကို မိနစ် ၂၀ နဲ့ ရောက်နိုင်တာပေါ့၊ ဒီပြင်အင်းစိန်၊ လှိုင်သာယာမြို့နယ်များကိုလည်း သွားလို့နီးတဲ့နေရာပါ။ ဒါကြောင့် အဲဒီနေရာကို စီမံကိန်းလုပ်ဖို့စဉ်းစားမိတာပါ"ဟု ပြောသည်။

လက်ရှိရန်ကုန်မြို့တော်အတွင်းအနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်ကြသူများ ပိုမိုများပြားလာခြင်းကြောင့် လူဦးရေပိုမိုထူထပ်လာပြီး လူနေအိမ်ခန်းများလည်း အများအပြားလိုအပ်လာပြီဖြစ်သည်။ ထိုသို့သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများအား လုပ်ငန်းရှင်များက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ သင့်တင့်လျောက်ပတ်သော မြေနေရာများကို ချထားရောင်းချပေးမည်ဆိုပါက လုပ်ငန်းရှင်များကလည်း အပြိုင်အဆိုင်အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုလျှင် ဝင်ငွေနည်းပြည်သူများ တိုက်ခန်းများပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။

"အဆောက်အအုံဆောက်လုပ်တဲ့အခါမှာ ပုံစံဒီဇိုင်းကလည်း အရေးကြီးပါတယ်။ သူများတွေ မဆောက်လုပ်နိုင်တာကို ကျွန်တော်တို့ဆောက်လုပ်နိုင်လို့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို ဆောက်လုပ်တာပါ။ လက်ရှိစီမံကိန်းအတွက် လိုအပ်တာအကုန်အဆင်သင့်ဖြစ်နေပါပြီ။ မြေနေရာပဲ လိုပါတော့တယ်။ အခန်းသုံးသိန်းအတွက် ဘီလီယံ ၁၃၅၀(အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်)ကုန်ကျမှာ ဖြစ်ပါတယ်။

ကျူးကျော်များ၊အလုပ်သမားများဟာ ဘဏ်ချေးငွေနဲ့ တစ်လကိုငွေကျပ် တစ်သိန်းပေးသွင်းပြီး ၄၅ လဆိုအခန်းအပိုင်ရမယ်။ ငွေမရှိဘူးငှားနေမယ်ဆိုရင်လည်း တစ်လကိုငွေကျပ် ၃ သောင်းနဲ့ငှားနေလို့ရမယ်။ ဘဏ်ချေးငွေမယူဘဲဆိုရင် အရစ်ကျပေးသွင်းနိုင်ပါတယ်။ အရစ်ကျကတော့ မသိသေးပါဘူး။ လက်ငင်းငွေပေးချေစနစ်တော့မယူပါဘူး။ နောက်တစ်ခုကကုမ္ပဏီပိုင်ရှင်များကလည်း သူတို့ဝန်ထမ်းအတွက် အခန်းဝယ်ပေးမယ်ဆိုရင် အဲဒီကုမ္ပဏီဝန်ထမ်းကလည်း အလကားနေရတာပေါ့။ ဝန်ထမ်းလည်းအလုပ်မြဲသွားတာ၊ ပြီးတော့ ဒီအခန်းတွေက ဓာတ်လှေကား၊ အခန်းအတွင်း ပါကေးခင်းခြင်းများ အကုန်လုပ်ထားပါတယ်"ဟု ရှင်းပြသည်။

ရန်ကုန်မြို့တွင်းလာရောက်အလုပ်လုပ်ကိုင်နေသော မင်္ဂလာဒုံမြို့နယ်နေသူတစ်ဦးက "ဒီတန်ဖိုးနည်းအိမ်ရာစီမံကိန်းက တကယ်အကောင်အထည်ဖော်ဖြစ်မယ်ဆိုသိပ်ကောင်းပါတယ်။ ဥပမာ-ယခင်တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုနဲ့ ကျွန်တော်ကြုံခဲ့ဖူးပါတယ်။ အဲဒီစီမံကိန်းက မဲဖောက်စနစ်နဲ့သွားတာဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်းလျှောက်ဖို့ လျှောက်လွှာတင်ခဲ့တာ ပြန်စာမလာခဲ့ပါဘူး။ မဲနှိုက်ရမယ့်အခွင့်အရေး ဆုံးရှုံးခဲ့ရပါတယ်။

ဘာလို့လဲဆိုတော့ ငွေရှိတဲ့သူတွေလည်း ဝင်လျှောက်ကြတယ်လေ။ တကယ့် အခြေခံလူတန်းစားတွေ မရတော့ဘူးပေါ့။ ဖြစ်စေချင်တာက ဒီတန်ဖိုးနည်းအိမ်ရာစီမံကိန်းကနေ အခြေခံလူတန်းစားများအတွက် ဘယ်လိုစီစဉ်ထားသလဲ။ အဲဒါ ပိုအရေးကြီးပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အထည်ချုပ်လုပ်ငန်းဆိုရင် သူဌေးနဲ့ စီမံကိန်းကနေပြီး စကားပြောရမယ်။ ဒီအထည်ချုပ်လုပ်ငန်းမှာ ဝန်ထမ်းဦးရေဘယ်လောက်ရှိလဲပေါ့။ တစ်ဦးကိုဝင်ငွေဘယ်လောက်ရှိလဲ။ လစာ နှစ်သိန်းရတဲ့သူကတော့ တစ်လတစ်သိန်းသွင်းနိုင်မှာပေါ့။ ဒါမှမဟုတ် လစာနည်းတဲ့သူကျပြန်တော့လည်း သူဌေးက ကြိုတင်ဝယ်ယူပေးထားပြီး လစာထဲက ဖြတ်သွားရင်လည်းရပါတယ်။ ဒါဆို အခြေခံလူတန်းစားအားလုံးရနိုင်ပြီပေါ့"ဟု ၎င်း၏အမြင်အား သုံးသပ်ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ ရန်ကုန်မြို့တိုးချဲ့ရန်အတွက် ၂၅ နှစ် စီမံကိန်းနှင့် ဧက ၇၀၀၀၀ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရပြီးထိုကဲ့သို့သော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုများပြားလာမည်ဆိုပါက ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ကြတော့မည်ဖြစ်ရာ ရန်ကုန်မြို့အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# အိန္ဒိယတွင် ကလေးများ လေးလံသောကျောင်းလွယ်အိတ်များ သယ်ရတော့မည်မဟုတ်

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်တစ်ခုတွင် ကလေးများကို ထိခိုက်ဒဏ်ရာရရှိခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ ၎င်းတို့ ကျောင်းသွားသော အခါ ၎င်းတို့ခန္ဓာကိုယ်ကပုံမှန်သယ်ဆောင်နိုင်သော အလေးချိန်ထက် ပိုလေးသောအိတ်များကို သယ်ယူခြင်း မပြုရဟု စည်းမျဉ်းတစ်ရပ် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။



လေးလံသော ကျောင်းလွယ်အိတ်များသည် ကလေးများကိုမောပန်းနွမ်းနယ်စေသည့်အပြင် ၎င်းတို့၏ ကျောရိုးများနှင့် အရိုးဆက်များကို ပျက်စီးစေကြောင်း မဟာရာရှထရာ ပြည်နယ်မှ အရာရှိများက သတိပေးထားသည်။

ကျောင်းများ၌ ကျောင်းသားများ၏ လွယ်အိတ်များကို ချိန်တွယ်ရန် ကျောင်းဆရာများအား ခိုင်းစေထားသည်။ သို့သော် ပြည်နယ်အစိုးရက တိတိကျကျ အပြစ်ပေးခြင်းမရှိဟု ဆိုသည်။

အိန္ဒိယနိုင်ငံမှ ကလေးများသည် အောင်မြင်မှုရရှိရန်အတွက် ကျောင်းမှ ကျူရှင်၊ ကျူရှင်မှ ကျူရှင်စသည်ဖြင့် အချိန်ပိုစာသင်ရခြင်းကြောင့် ဖိအားများစွာပိနေကြသည်။

မှတ်စုစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ၊ မလိုအပ်သောစာရေးကိရိယာများနှင့် အလှပြင်ပစ္စည်းများထည့်ရသဖြင့် ကျောင်းသားများ၏ အိတ်များသည် ၎င်းတို့ခန္ဓာကိုယ်အလေးချိန်၏ ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ရှိသည်ကို တွေ့ရကြောင်း စည်းမျဉ်းတွင် ဖော်ပြထားသည်ဟု သတင်းတွင် ဖော်ပြသည်။

သန့်ရှင်းသော သောက်ရေနှင့် အစားအစာများ စီစဉ်ပေးရန်နှင့် ကျောင်းစာအုပ်များထားရှိပေးရန်အတွက် နေရာပိုမိုကျယ်ဝန်းစွာ စီစဉ်ပေးရန် ကျောင်းများကို မေတ္တာရပ်ခံထားသည်။

အိတ်ပေါ့ပါးစွာသယ်ရမည်ဖြစ်၍ ဝမ်းသာကြောင်း၊ ယခင်က ကျောင်းဆင်းလျှင် ကစားရန်နှင့် စာကျက်ရန်ပင် မတတ်နိုင်ခဲ့ကြောင်း ကျောင်းသားတစ်ဦးကပြောသည်။ **ရိုက်တာ။**

# ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်အတွက် အမေရိကန်ကုမ္ပဏီများ ထောက်ခံ

**ဝါရှင်တန် ဇူလိုင် ၂၇**

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ထောက်ခံမှုပေးပါမည်ဟု အမေရိကန်ထိပ်တန်းကုမ္ပဏီကြီး ၁၃ ခုတို့က ကတိပြုကြကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ လာမည့်ဒီဇင်ဘာလတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း သဘောတူညီချက်ရရှိရန် ရည်ရွယ်လျက် ကုလသမဂ္ဂညီလာခံတစ်ရပ်ကို ကျင်းပရန်ရှိနေစဉ်တွင် အမေရိကန်ထိပ်တန်းကုမ္ပဏီကြီးများက အဆိုပါသဘောတူညီချက်ကိုထောက်ခံကြမည်ဟု ဆိုသည်။ ယင်းကုမ္ပဏီများတွင် ဂျင်နရယ်မော်တော်ကား ကုမ္ပဏီ(ဂျီအမ်)၊ အမေရိကန်ဘဏ်၊ မိုက္ကရိုဆော့ဖ်နှင့် ကိုကာကိုလာတို့ ပါဝင်ကြသည်။

"ရာသီဥတုဆိုင်ရာ ကတိကဝတ်ပြုမှု အမေရိကန် စီးပွားရေးလုပ်ငန်းများ အက်ဥပဒေ"ကို အိမ်ဖြူတော်က ဇူလိုင် ၂၇ရက်တွင် ထုတ်ပြန်ကြေညာသည့် အခမ်းအနားကျင်းပသည့်အခါ အဆိုပါကုမ္ပဏီများမှ အကြီးအကဲများသည် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်အတူ တက်ရောက်ရန် စီစဉ်ထားသည်။

အမေရိကန်ကုမ္ပဏီများသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးနှင့် သန့်ရှင်းသောစွမ်းအင်ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် ကုမ္ပဏီအလိုက် အကောင်အထည်ဖော်ကြမည့် ရင်းနှီးမြှုပ်နှံရေးအစီအစဉ်များကို အသီးသီးထုတ်ပြန်ကြေညာကြမည်ဖြစ်သည်။

ကတိကဝတ်ပြုကြသည့် အမေရိကန်ကုမ္ပဏီများသည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေမည့် ရင်းနှီးမြှုပ်နှံမှုများအတွက် စုစုပေါင်းဒေါ်လာ ဘီလီယံ ၁၄၀ သုံးစွဲသွားမည်ဟု ကြေညာရန်စီစဉ်ထားသည်။

**ရိုက်တာ။**

# မိုဂါဒစ်ရှူးမြို့ရှိ ဟိုတယ်တစ်လုံးအား အယ်လ်ရှာဘတ်အဖွဲ့ ဗုံးခွဲတိုက်ခိုက်

**မိုဂါဒစ်ရှူး ဇူလိုင် ၂၇**

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးအား အယ်လ်ရှာဘတ်သူပုန်အဖွဲ့က ဇူလိုင်၂၆ရက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၁၃ဦးထက်မနည်းသေဆုံးကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်မောင်းတစ်ဦးက အဆိုပါဟိုတယ်ဝင်ပေါက်ဝအနီး၌ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖောက်ခွဲမှုနှင့် ပတ်သက်၍ အယ်လ်ရှာဘတ်သူပုန်အဖွဲ့က ၎င်း၏လက်ချက် အဖြစ် ပထမဦးဆုံးထုတ်ဖော်ပြောကြားကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။


ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်တွင် သွေးသံရဲရဲ လူ့ခန္ဓာအစိတ်အပိုင်းများ ပြန့်ကျဲနေပြီး ပေါက်ကွဲမှုဖြစ်ပွားသည့် ဂျာဇီးယားဟိုတယ်အနီး၌ ပျက်စီးနေသော မော်တော်ယာဉ်လေးစီးကို တွေ့မြင်ရကြောင်း ရိုက်တာသတင်းထောက်က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ ၁၃ ဦး၏ ရုပ်အလောင်းများနှင့် ထိခိုက်ဒဏ်ရာရသူ ၂၁ ဦးအနက်မှ စိုးရိမ်ဖွယ်ရာရှိသူအချို့ကို သယ်ယူပို့ဆောင်ပေးခဲ့ရကြောင်း အရေးပေါ် လူနာသယ်ယူရေးလုပ်သား အဗ္ဗဒယ်ကာဒီဟာ အဗဒ္ဒိဟာမန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့ရှိ တရုတ်နိုင်ငံဆိုင်ရာ သံရုံးတွင်လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည့် တရုတ်နိုင်ငံသားတစ်ဦးမှာလည်း ဗုံးဖောက်ခွဲမှုကြောင့် သေဆုံးခဲ့ကြောင်း တရုတ်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အခြားတရုတ်နိုင်ငံသား သုံးဦးမှာလည်း သာမန်ထိခိုက်ဒဏ်ရာများရရှိသည်ဟုဆိုသည်။ **ရိုက်တာ။**



# အင်အားတောင့်တင်းသည့် ရေတပ်ဖွဲ့များထူထောင်လိုသည့် ပူတင်



**မော်စကို ဇူလိုင် ၂၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံ၏ အင်အားတောင့်တင်းသော ရေတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်မည့် ၎င်း၏ ဆုံးဖြတ်ချက်ကို အလေးထား ပြောကြားခဲ့သည်။ ပူတင်သည် ၎င်း၏ ဆုံးဖြတ်ချက်ကို ပိုလန်နှင့် လစ်သူရေးနီးယားနှစ်နိုင်ငံကြားရှိ ရုရှားပိုင်နယ်မြေတစ်ခုဖြစ်သည့် ကာလင်ဂရဒ်ဒေသတွင် တနင်္ဂနွေနေ့က ကျင်းပသည့် ရုရှားနိုင်ငံ၏ ရေတပ်မတော်နေ့ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ပူတင်က ရုရှားနိုင်ငံသည် ရေတပ်အင်အားတောင့်တင်းသည့် နိုင်ငံတစ်ခုအဖြစ် တည်ထောင်ရန်နှင့် ခေတ်မီအစွမ်းထက်သည့် ရေတပ်သင်္ဘောအုပ်စုများကို နောက်မျိုးဆက်သို့ လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ရန်လည်း လိုအပ်ကြောင်း ဘောလ်တစ်ရေတပ်သင်္ဘောအုပ်စုမှ ထိပ်တန်းအရာရှိများကို ပြောကြားသည်။

ပူတင်သည် ရုရှားနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ အယူအဆပြုပြင်ပြောင်းလဲရေးအတွက် ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှု တစ်ခုကိုလည်း ပြုလုပ်ခဲ့သည်။ ရုရှားနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ သဘောတရားသည် အတ္တလန္တိတ်သမုဒ္ဒရာတွင်ရှိသည့် ရုရှားရေတပ်ကို ခိုင်မာအင်အားကောင်းရန် လိုအပ်သလို သယံဇာတ ပေါကြွယ်ဝသည့် အာတိတ်ဒေသ ခြိမ်းခြောက်မှုများကိုလည်း လျှော့ချနိုင်ရန် လိုအပ်သည်။

ရုရှားနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ အယူအဆသည် အတ္တလန္တိတ်နှင့် အာတိတ်ဒေသတို့ကို အလေးထားကြောင်းနှင့် ဆိုလိုသည်မှာ ရုရှားနိုင်ငံ၏ အရှေ့ဘက်မျက်နှာစာ ဥရောပနှင့် နယ်စပ်တွင် အင်အားတိုးချဲ့လာသည့် နေတိုးတပ်ဖွဲ့များကို တန်ပြန်တိုက်ခိုက်နိုင်ရန်ဖြစ်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီရိုဂိုဇင်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

❑

# အမေရိကန်သမ္မတ အိုဘားမား အီသီယိုးပီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိ

**အဒစ္စအဘာဘာ ဇူလိုင် ၂၇**

သမ္မတအိုဘားမားသည် ကင်ညာနိုင်ငံမှ အီသီယိုးပီးယားနိုင်ငံသို့ ဇူလိုင် ၂၆ ရက်တွင်ရောက်ရှိပြီး အီသီယိုးပီးယားခေါင်းဆောင်များအား နိုင်ငံအတွင်း မီဒီယာလွတ်လပ်ခွင့် ပိုမိုရရှိရန်နှင့် နိုင်ငံရေးအမြင် ပိုမိုကျယ်လာစေရန် ကြိုးစားလုပ်ဆောင်သင့်ကြောင်း လူ့အခွင့်အရေးအဖွဲ့များနှင့် တွေ့ဆုံပြီးနောက် တိုက်တွန်းပြောကြားခဲ့သည်။

"ပြည်သူတွေရဲ့အသံကိုနားထောင်ပြီး ပြည်သူတွေအနေနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေမှာ ကိုယ်တိုင်ပါဝင်နေတာကို သိမြင်ကြတဲ့အခါမှာ နိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ လွယ်ကူမှာဖြစ်ပါတယ်"ဟု အိုဘားမားက အီသီယိုးပီးယားဝန်ကြီးချုပ် ဟယ်လီမာရီယန် ဒီဆာလီဂ်ျနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ထို့ပြင် အိုဘားမားသည် အာဖရိကခေါင်းဆောင်များနှင့် တွေ့ဆုံကာ တောင်ဆူဒန်အရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

အီသီယိုးပီးယားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုများရှိသော်လည်း မေလက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာအများစုကို အာဏာရပါတီကသာ အနိုင်ရရှိခဲ့ခြင်းနှင့်ပတ်သက်ပြီး အလွန်စိတ်ဝင်စားစရာကိစ္စဖြစ်သည်။

အိုဘားမားက အီသီယိုးပီးယားခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် အတိုက်အခံပါတီကို လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားခွင့်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အီသီယိုးပီးယားနိုင်ငံသည် မီဒီယာသမားအများအပြားကို ဖမ်းဆီးအကျဉ်းချသည့် အီရီထရီးယားနိုင်ငံပြီးနောက် ကမ္ဘာ့ဒုတိယမြောက် နိုင်ငံဖြစ်သည်။ အီသီယိုးပီးယားနိုင်ငံသို့ အိုဘားမားမရောက်မီ ၂၀၁၄ ခုနှစ် ဧပြီလက အစိုးရဆန့်ကျင်သည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖမ်းဆီးထားသည့် မီဒီယာသမား ခုနစ်ဦးကို ပြန်လွှတ်ပေးခဲ့သည်။ **ရိုက်တာ။**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော်　ဇူလိုင်　၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတ နိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha.PVSM,AVSM,VM ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၀မိနစ် တွင် အိန္ဒိယသမ္မတနိုင်ငံ ဘန်ဂလိုမြို့လေဆိပ်သို့ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အဖွဲ့အား အိန္ဒိယတပ်မတော်(လေ) ဘန်ဂလိုအခြေစိုက် လေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးနှင့်ဇနီး၊ လေယာဉ် စနစ်နှင့် စမ်းသပ်ပျံသန်းရေးဌာန တပ်မှူးနှင့်ဇနီး၊ အိန္ဒိယ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ခင်စိုး နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Hindustan Aeronautics Limited ဌာနချုပ် သို့သွားရောက်လေ့လာရာ Hindustan Aeronautics Limited မှ Chairman and Chief of Managing Director Mr. T Subara Raju နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး လေယာဉ်ထုတ်လုပ်ရေးစက်ရုံများ အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အဖွဲ့သည် Light Combat Helicopter Manufacturing (LCH) နှင့် HAWK Final Assembly တို့သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသောယာဉ်များ၊ စက်ပစ္စည်းများနှင့် Electronic ပစ္စည်းများအား လေ့လာ ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် AKASH Conference Hall သို့ ရောက်ရှိရာ တာဝန်ရှိသူများက Power Point များဖြင့် ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဘန်ဂလိုလေဆိပ်မှ ဆက်လက်ထွက်ခွာရာ အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရောက်ရှိ ကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ခေတ္တတည်းခိုမည့် Park Hyatt Goa ဟိုတယ်သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် Goa Naval Area ရှိ Venue Officer Mess တွင် ကျင်းပသည့် Fleet Officer, Goa Commanding Area Rear Admiral Ravneet Singh တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြ သည်။ ဂိုအာမြို့သည် အိန္ဒိယနိုင်ငံအနောက်ဘက် ကမ်းခြေတွင်တည်ရှိပြီး လူဦးရေ တစ်သန်းခန့် နေထိုင် သည်။ သံရိုင်း၊ သီဟိုဠ်စေ့နှင့် ဟင်းခတ်အမွှေးကြိုင်များ အဓိကထွက်ရှိပြီး ဂိုအာမြို့ရှိ ကမ်းခြေများ၊ ဘုရားဝတ်ပြု ဆုတောင်းသည့် နေရာများသို့ နိုင်ငံတကာနှင့် ပြည်တွင်း ခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်လေ့ ရှိကြောင်း သိရှိရသည်။

**(မြဝတီ)**

# ကျော်သက်နှင့် စောဆန်းအောင် အဖွဲ့မှ (၈)ဦးကို လက်နက်၊ ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော်　ဇူလိုင်　၂၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အတွင်း ကျော်သက်နှင့် စောဆန်း အောင်အဖွဲ့များ ခိုအောင်းနေထိုင် လှုပ်ရှားမှုမရှိစေရေး တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့် တပ် (BGF)တို့ပူးပေါင်း၍ နယ်မြေ ရှင်းလင်းမှုနှင့်အတူ ကေအင်န်ယူ တပ်ရင်း (၁၇)မှလည်း ဟန်ချက်ညီ ရှင်းလင်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်စဉ် တရိတကောင်းရှိ ကေအင်န်ယူ တပ်ရင်း ၁၇ မှ တပ်ဖွဲ့ဝင်များသည် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ တပ်ဖွဲ့ဝင် ၈ ဦးအား လက်နက်မျိုးစုံ ၉ လက်၊ ကျည်အိမ်မျိုးစုံ ၂၈ ခု၊ ကျည်မျိုးစုံ အတောင့် ၂၇၀၊ လမ်းလျှောက်စကား ပြောစက် ၁လုံးတို့နှင့်အတူ ဖမ်းဆီး ရမိသဖြင့် ဇူလိုင် ၂၆ ရက်က မိဖညား ကျေးရွာတွင် တပ်မတော်စစ်ကြောင်း များထံ လာရောက်အပ်နှံခဲ့သည်။



အဆိုပါ ရှစ်ဦးကို ကေအင်န်ယူ တပ်ရင်း ၁၇ သည် ၎င်းတို့နယ်မြေ အတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ် ကြောင်းနှင့် တပ်မတော်၊ နယ်ခြား စောင့်တပ် (BGF)နှင့် နယ်မြေခံ လက်နက်ကိုင်အဖွဲ့များ ပူးပေါင်း၍ ကျော်သက်နှင့် စောဆန်းအောင် အဖွဲ့များအား ဆက်လက်ရှင်းလင်း လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပီရူးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဇူလိုင်　၂၈**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သည့် ပီရူးသမ္မတ နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ အန်နာ မာရီယာ ဆန်းချက်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# အုန်းနဲသာချောင်း ရေလျှံမှုကြောင့် ပိန်းဇလုပ်၌ ရေကြီး

**ပိန်းဇလုပ်　ဇူလိုင်　၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အုန်းနဲသာချောင်းသည် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းမှစ၍ ရေလျှံကာ ပိန်းဇလုပ်မြို့ မြို့မ (၂)ရပ်ကွက် အချို့တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် မြို့မ(၂) ရွှေပေါက်ကံရပ်ကွက်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲဝင်းအတွင်း ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့၍ ယနေ့ နံနက်ပိုင်းမှစတင်ကာ ကျောင်းခေတ္တပိတ်ထားကြောင်း သိရသည်။ ထို့အပြင် ရပ်ကွက်အတွင်းရှိ လမ်းအချို့တွင် ဒေသခံပြည်သူများ သွားလာမှု အခက်အခဲဖြစ်ပေါ်ခဲ့ပြီး အချို့အိမ်များ၌လည်း အိမ်ထဲအထိ ရေဝင်လာကြ၍ ဒေသခံပြည်သူများ သိုလှောင်ထားသည့် ဆန်စပါးအိတ်များကို ရေလွတ်ရာ အမြင့်သို့ ပြောင်းရွှေ့ထားကြောင်းသိရသည်။

**(ပိန်းဇလုပ်-သိန်းညွန့်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းများ လာရောက်အပ်နှံ

**မန္တလေး　ဇူလိုင်　၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း အများပြည်သူတို့ လက်ဝယ်တွင်ရှိသည့် လက်နက်၊ ခဲယမ်းများ လာရောက် အပ်နှံကြရန် ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းစာတွင် သတိပေးကြေညာပြီးနောက် ဇူလိုင် ၄ ရက်မှ ၂၂ ရက် အထိ တိုင်းဒေသကြီးအတွင်း လက်ဝယ်ပိုင်ဆိုင်ထားကြ သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ လာရောက်အပ်နှံခဲ့ကြသည်။

အဆိုပါလာရောက်အပ်နှံသည့် လက်နက်၊ ခဲယမ်း နှင့် ဆက်စပ်ပစ္စည်းများစာရင်းမှာ လေသေနတ် ၈ လက်၊ နှစ်လုံးပြူး ၄ လက်၊ ပွိုင့်၂၂ သေနတ် ၄ လက်၊ ပွိုင့် ၃၀၈ ပြောင်းရှည် ၁ လက်၊ တစ်လုံးထိုးပြောင်းရှည် ၁ လက် စုစုပေါင်း လက်နက် ၁၈ လက်၊ ခဲယမ်းများအနေဖြင့် ၅ ဒသမ ၅၆အမျိုးအစား ၁၂၅ တောင့်၊ ၇ ဒသမ ၆၂ အမျိုးအစား အတောင့် ၁၄၀၊ ၁၂ ဗို့ ၆၅ တောင့်၊ ပွိုင့် 22 MM၉ ၂တောင့်၊ ပွိုင့် 32 MM ၃ တောင့်၊ 9MM ၄၃ တောင့်စုစုပေါင်း ၄၆၈ တောင့်နှင့် ဆက်စပ်ပစ္စည်းများ အနေဖြင့် ၁၂ ဗို့ ကျည်ခွံ ၃၂ ခု၊ ကျည်ထိပ်ဖူးမျိုးစုံ ၇ ခု၊ ပွိုင့် ၃၀၃ ကျည်အိမ် ၁ ခု၊ ဘီအေ ၇၂ ကျည်အိမ် ၁ ခု၊ ပစ္စတိုသေနတ် ကျည်အိမ် ၁ ခု၊ ချိန်သီး ၃ ခု၊ သေနတ် တိုက်တံ ၄ ခု၊ လေသေနတ်ခဲကျည် (ဘူး) ၁ ခု၊ လေသေနတ်ပြောင်း ၁ ခု၊ လေသေနတ်ကိုယ်ထည် ၁ ခု၊ သစ်သားဒင် ၁ခု၊ Scope ၁ ခုစုစုပေါင်း ၅၄ မျိုးအား သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့စခန်းများတွင် လာရောက် အပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာအဝင်/ အထွက်ဖြစ်သော ကျောင်းလမ်းတွင် မိုးရွာသွန်းသည့်အခါ ရေမြောင်းများပိတ်ဆို့ခြင်းကြောင့် လမ်းပေါ်ရေများပြည့်လျှံနေသည်ကို တွေ့ရစဉ်။** (ကျော်စိုးမိုး)

**ပြည်တွင်းရေးရာ**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးတွဲလုပ်ဆောင်လျက်ရှိသည့် သတင်းဌာနများအတွက် ရွေးကောက်ပွဲသတင်းရယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်



**ရန်ကုန် ဇူလိုင် ၂၇**

လာမည့်နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူကြမည့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းမီဒီယာဌာနများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးတွဲလုပ်ဆောင်လျက်ရှိသည့် သတင်းဌာနများမှ သတင်းမီဒီယာသမားများအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် DW Akademie တို့ ပူးပေါင်း၍ ရွေးကောက်ပွဲသတင်းရယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန၌ ဇူလိုင် ၂၇ ရက်တွင် ကျင်းပသည်။

ရွေးကောက်ပွဲ သတင်းရယူမည့် သတင်းသမားများ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)တို့မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများ၊ နိုင်ငံတကာဥပဒေများအား သိရှိပြီး ကျင့်ဝတ်နှင့်အညီ သတင်းရယူနိုင်ရေးအတွက် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးဦးပိုက်ထွေးက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

မြန်မာ့အသံရေဒီယိုမှ သင်တန်းသားတစ်ဦးဖြစ်သူ ဦးမောင်မောင်စုက "နိုင်ငံရေးပါတီတွေ၊ မဲဆန္ဒရှင်ပြည်သူတွေ၊ တိုင်းဒေသကြီးနဲ့ မြို့နယ်တွေမှာရှိတဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက တာဝန်ရှိသူတွေကို ဘယ်လိုဆက်သွယ်မေးမြန်းရမယ်ဆိုတဲ့ အသိပညာတွေကိုရရှိခဲ့ပါတယ်။ ၂၀၁၅ မှာ ပွင့်လင်းမြင်သာစွာနဲ့ သတင်းရယူနိုင်မယ့် အခွင့်အလမ်းတွေရရှိမယ်လို့ ထင်ပါတယ်" ဟုပြောသည်။

သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး DW Akademie နှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ Mizzima၊ ABC၊ BBC Media Action၊ IMS နှင့် Internews တို့မှ ပညာရှင်များကလည်းပူးတွဲပို့ချမည် ဖြစ်သည်။

မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ (ယာယီ)မှ အဖွဲ့ဝင် ဦးသီဟစောက "ဒီသင်တန်းမှာ အဖွဲ့အစည်းပေါင်းစုံက ပူးတွဲပို့ချတယ်။ နောက်အများစုကလည်း နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ Public Service Media အစုံပါတယ်။ ကျွန်တော့်အမြင်မှာတော့ Broadcast Media သမားတွေ ပိုများတယ်။ သတင်းစာထက်ကို Broadcast က ပျံ့နှံ့မှုပိုများတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကိုယ်ကဘာတာဝန်ကို ဘယ်နေရာကနေ ဘယ်လိုယူရမလဲ ဆိုတာကို ပို့ချပေးမှာဖြစ်တဲ့အတွက် မီဒီယာသမားတွေအတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးရှိမယ်လို့ ထင်ပါတယ်" ဟု မှတ်ချက်ပေးပြောကြားသည်။

ရွေးကောက်ပွဲ သတင်းရယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုဂံ FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ရွှေသံလွင် မီဒီယာ အုပ်စု၊ Forever Group တို့မှ သင်တန်းသား ၂၉ ဦး တက်ရောက်ခဲ့ကြသည်။

DW Akademie သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအား အများပြည်သူဝန်ဆောင်မှု မီဒီယာအဖြစ် ကူးပြောင်းမှုအား ပူးပေါင်းကူညီလျက်ရှိပြီး ကမ္ဘာတစ်ဝန်းတွင် ရွေးကောက်ပွဲနှင့်ဆိုင်သည့် သတင်းထုတ်လွှင့်ရာတွင် အထောက်အကူဖြစ်စေမည့် အကူအညီများပေးအပ်လျက်ရှိသည်ဟု DW Akademie မြန်မာနိုင်ငံ၏ ဌာနေကိုယ်စားလှယ်ဖြစ်သည့် Ms. Isabella Kurkowski ထံမှ သိရသည်။

**(မြတ်သန္တာမောင်)**

**❂အက်ဒမန်မှ**

အသည်းနှလုံးပုံသဏ္ဌာန် လွန်စွာလှပသည့် ရေငန်အိုင်ကြီးတစ်ခုကြောင့် ထူးဆန်းခြင်းဖြစ်သည်။ ထိုရေငန်အိုင်ကြီးသို့ဝင်ရောက်ရန် တစ်ခုတည်းသောဝင်ပေါက်အဖြစ် ကျွန်း၏ အရှေ့တောင်ဘက် အောက်ခြေကျောက်တန်းများအောက်မှအကျယ် ၂၅ ပေ၊ အလျားပေ ၃၀ရှိ ပြွန်ပုံသဏ္ဌာန်လိုဏ်ဂူအပေါက်တစ်ခုမှ ပင်လယ်ဒီရေအနည်းငယ်ကျချိန်မှ ဝင်ရောက်နိုင်သည်။

လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွားများ အစုအဖွဲ့လိုက် Boat မှ အဆိုပါ ပြွန်သဖွယ်လိုဏ်ဂူပေါက်သို့ ပင်လယ်ရေပြင်အတွင်း ကြိုးသွယ်တန်းလျက် ပင်လယ်ရေအောက်မှ ငုပ်လျှိုးကာ ကျွန်းအလယ်ဗဟိုရေကန်ကြီးအတွင်းဝင်ရောက် လည်ပတ်လေ့လာအပန်းဖြေရသည်မှာ မည့်သည့်ခံစားမှုနှင့်မျှမတူသော ထူးဆန်းပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည့် ခံစားမှုတစ်ခုကိုဖြစ်ပေါ်စေကြောင်း နိုင်ငံခြားခရီးသွားတစ်ဦး မှတ်ချက်ပြုဖူးသည်။

ကျွန်းအလယ်ဗဟိုရှိ ရေကန်ကြီးမှာ အနားသတ်လှပသော snorkeling site ရှိနေပြီး ဗဟိုချက်သည် ပင်လယ်ဒီရေတက်ချိန်တွင် ၁၂ မီတာခန့်နက်သည်။ နွေရာသီတွင် snorkeling mask ဖြင့် ရေအောက်ခြောက်မီတာအထိ ထွင်းဖောက်မြင်နိုင်လောက်အောင် စိမ်းမြကြည်လင်လှသည်။ ရေကန်ကြီးအတွင်း hard coral အမျိုးအစား ၂၅ မျိုးခန့်၊ ငါးမျိုးစိတ် ၄၀ခန့်၊ သဘာဝသန္တာကျောက်ခက်၊ ကျောက်ပွင့်များစွာ၊ ပင်လယ်ရေနေ ထူးဆန်းရှားပါးရေသတ္တဝါမျိုးစိတ်ပေါင်းများစွာ ပေါက်ဖွားကြီးပြင်းရာ သဘာဝစားကျက်နေရာတစ်ခုသဖွယ် ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံခြားခရီးသွားများနှင့် ပင်လယ်ဇီဝဗေဒပညာရှင်များ စိတ်ဝင်တစား ကနူးလှေလှော်ခတ်ကာရေကန်ကြီးအတွင်း ကြည့်ရှုလေ့လာလည်ပတ်ကြခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ခြင်းများပြုလုပ်ကြသည်။

ထိုရေကန်ကြီးအတွင်း ပင်လယ်ငါးမန်းများ သားပေါက်ရာသီဖြစ်သည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ ငါးမန်းများ ဝင်ရောက်သားပေါက်ကြီးပြင်းလေ့ရှိပြီး ဥရောပနိုင်ငံများမှ ခရီးသွားများက Shark Lagoon ဟုခေါ်ကြကြောင်း သိရှိရသည်။

ချင်းပြည်နယ် ဟားခါးမြို့ရှိ အသည်းပုံရိဒ်ရေကန်ကြီးမှာ ရေချိုဖြစ်ပြီး ထူးဆန်းသာယာလှပသကဲ့သို့ ယခုကော့သောင်းမြို့နယ် အက်ဒမန်ပင်လယ်အတွင်း ကြက်မောက်ကျွန်းပေါ်မှ အသည်းပုံရေကန်ကြီးမှာ ပင်လယ်ရေငန်ဖြစ်ပြီး လူသူအရောက်အပေါက်နည်း၍ သဘာဝအလှအပ မပျက်မယွင်းရှိနေရာ လာရောက်လည်ပတ်ကြသည့် ခရီးသွားများအဖို့ သာယာလှပမှု တစ်မျိုးတစ်ဖုံစီခံစားရမည် မလွဲဧကန်ဖြစ်သည်။

ယခုအခါ အဆိုပါကျွန်းအား ကော့သောင်းမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Grand Andaman Hotel (သူဌေးကျွန်း) မှ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခွင့် တင်ပြခွင့်ပြုချက်ရယူလျက် နိုင်ငံတကာခရီးသွားများအား အလည်အပတ်ခရီးစဉ်များ လေ့လာလည်ပတ်အပန်းဖြေရန် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိတိုးပွားစေလျက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာ့ရေမြေတောတောင်တို့၏ သဘာဝအလှကို ကမ္ဘာကသိသထက်သိကာ နိုင်ငံတကာအလည် ဂုဏ်ယူဝင့်ကြွားစရာ ဖြစ်သည်။

မြန်မာ့သဘာဝအလှများကို ခံစားရင်း လတ်ဆတ်သန့်ရှင်းသည့် ပင်လယ်လေကိုအားပါးတရ ရှူရှိုက်ရင်း၊ ထူးခြားဆန်းကြယ်လှသည့် ရေမြေတောတောင် ပင်လယ်သတ္တဝါများစွာ၏ သဘာဝအရှိတရားကို မျက်မြင်ကိုယ်တွေ့ ခံစားနိုင်ကြစေရန် မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့နယ်အတွင်းက အသည်းပုံသဏ္ဌာန်ရေကန်ကြီးရှိရာ ကြက်မောက်ကျွန်း (ခေါ်) Cock Comb Island ဆီသို့ အလည်တစ်ခေါက် လာရောက်ခဲ့ကြဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

**မောင်မောင်ကျော်စိုး(သတ္တဗေဒ)**

## တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ယခု ဇူလိုင်လပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အချို့ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံနှင့်အဝန်းရှိ တောင်သူလယ်သမားများ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့်စိုက်ခင်းများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးများ ပျိုးထောင်ခြင်း၊ အချိန်မီပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

## တောင်သူလယ်သမားများအား နစ်နာကြေးငွေပေးအပ်

**ပုသိမ် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီက လယ်သမားများအား သိမ်းဆည်းမြေအတွက် မြေစွန့်လွှတ်ခဲ့ရသည့် တောင်သူ ၂၈ ဦးလက်ဝယ်သို့ နစ်နာကြေးငွေပေးအပ်ပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

အဆိုပါ မြေများမှာ ပုသိမ်ဒေသကောလိပ်ကို ၁၉၉၆ ခုနှစ်မှ ပုသိမ်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တည်ဆောက်ရာမှ လိုအပ်သည့် မြေ ၁၈၂ ဒသမ ၉၁၀ ဧကကို နစ်နာကြေးလျှောက်ထားသူ ၂၈ ဦးအတွက် တစ်ဧကလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် ပေးအပ်ခဲ့ကြောင်းသိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင်၂၀ ရက်မှ ဇူလိုင်၂၇ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၀နှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦး စုစုပေါင်း ၆၈ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၁၁ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၈ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။

အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် ဇူလိုင် ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၇၁၂၂၂ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် CD ကျပ်သန်း ၆၄၆၆၄၀ ဒသမ ၆၀၊ ကုန်သွယ်လုပ်ငန်းခွန် CT ၅၉၀၅၁၆ ဒသမ ၁၄ သန်း စုစုပေါင်း ၁၂၃၇၁၅၆ ဒသမ ၇၄ ကျပ်သန်းအားကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် CD နှင့် ကုန်သွယ်လုပ်ငန်းခွန် CT များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၂၇၁၂၂ စီး၊ ကားအရောင်းပြခန်းများအတွက် အစီး ၁၀၄၃၁၀၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့် တင်သွင်းလာမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန် ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သုံးအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွှတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၃၃၈၀၈ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

**❖ကျောဖုံးမှ**

မက္ကဆီကိုအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၁ မိနစ်တွင် ဂွာဒါဒို၊ ၄၇ မိနစ်တွင် ကိုရိုနာ၊ ၆၁ မိနစ်တွင် ပီရယ်တာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဂျမေကာအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် မိနစ် ၈၀ တွင် မက်တော့ခ်က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ကွန်ကာကပ် ရွှေဖလားပြိုင်ပွဲပြီးဆုံးခဲ့ပြီးနောက် ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို မက္ကဆီကိုတောင်ပံကစားသမား ဂွာဒါဒိုကလည်းကောင်း၊ အကောင်းဆုံး လူငယ်ကစားသမားဆုကို မက္ကဆီကိုတိုက်စစ်မှူး ကိုရိုနာကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုကို အမေရိကန်ဂိုးသမား ဘရက်ဂူဇန်ကလည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုကို ဂျမေကာအသင်းကလည်းကောင်း အသီးသီးရရှိခဲ့သည်။

မက္ကဆီကိုအသင်းသည် ဂျမေကာအား အနိုင်ရရှိခဲ့ခြင်းကြောင့် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင်ခွင့်တစ်နေရာ ရရှိမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအတွက် အောက်တိုဘာ ၉ ရက်တွင် အမေရိကန်အသင်းနှင့် မက္ကဆီကိုအသင်းတို့ Play Off ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

## ရေကြီးနစ်မြုပ်တောင်သူများအား မျိုးစပါးထောက်ပံ့၊ လယ်ယာမြေများ အခမဲ့ထွန်ယက်ပေးလျက်ရှိ

**ကောလင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ တောင်သူ ၇၈၀၉ ဦး၏ မိုးစပါးစိုက်ပြီးဧက ၃၄၆၁၇ ဧက ရေနစ်မြုပ်ခဲ့ပြီး ဇူလိုင် ၂၆ ရက်အထိ ပျက်စီးဧက ၂၈၁၄ ဧကရှိခဲ့ရာ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တစ်ဧလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။ လယ်မြေများကိုလည်း အခမဲ့ပြန်လည်ထွန်ယက်ပေးလျက်ရှိရာ ကျွဲ၊ နွားမရှိသူများ၊ စက်ကိရိယာနှင့် ကျွဲ၊ နွားမလုံလောက်သူများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများ၏ရေနစ်မြုပ်ခဲ့သော လယ်ယာသုံးစက်ကိရိယာများကိုလည်း အခမဲ့ပြုပြင်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျေးရွာများအရောက်သွားရောက်ပြီး စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့်အခြားထောက်ပံ့ပစ္စည်းများထောက်ပံ့ဖြန့်ဝေပေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့များက ရေတွင်းရေကန်များကို ဆေးခတ်ခြင်း၊ ဆေးကုသပေးခြင်း၊ မြွေအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရေသန့်ဆေးများဖြန့်ဝေပြီး ရေသန့်ပြုလုပ်နည်းများပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ကောလင်းမြို့နယ် မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုတွင် လူဦးရေ ၁၆၄ ဦးရှိပြီး ကျေးရွာ ၁၀ ရွာရှိ ကယ်ဆယ်ရေးစခန်းများတွင် ၂၈၃၅ ဦးရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများရှိ ပြည်သူများသို့ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**သပိတ်ကျင်း ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးအထောက်ကူပြု ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့ ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာအုပ်စု တွင်းငယ်ကျေးရွာနှင့် ကျောက်ဖြူကျေးရွာအုပ်စု တောင်လယ်ကျေးရွာတို့တွင် မိုးများရွာသွန်း ခဲ့ပြီး တောင်ကျရေများကျဆင်း၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုအပေါ် ဇူလိုင် ၂၆ ရက်က ကူညီ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ဝန်ကြီးနှင့်အဖွဲ့သည် တောင်လယ်ကျေးရွာ အထက(ခွဲ)နှင့် တွင်းငယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတို့တွင် ကျေးရွာရေဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေး ပစ္စည်းလေးမျိုး၊ ရေဆူဆေးပြား၊ ရေပုံး၊ ရေစစ်များထောက်ပံ့ပေးခဲ့ပြီးအိမ်ထောင်စု ၅၇ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

သပိတ်ကျင်း မြို့နယ်တွင် တောင်ကျရေများကျဆင်းမှုကြောင့် မန္တလေး-တကောင်း-ဗန်းမော် ကားလမ်းပေါ်ရှိ ရှားတောတံတားကမ်းကပ်ခုံပျက်စီးခဲ့၍ အမြန်ပြန်လည်မြေဖို့ပြုပြင်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် ဖြတ်သန်းသွားလာမှုများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ တွင်းငယ်-မိုးမိတ်လမ်း သပြေချောင်းတံတား ကမ်းကပ်ခုံပျက်စီးမှုကို တံတားအထူးအဖွဲ့(၄)မှ ချက်ချင်းပြုပြင်မှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ကြက်ခြေနီဦးစီးပထမတန်း ဦးဘုန်းကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးကုတ်မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မိုးကုတ်မြို့ လီရှောလယ်ဦးအုပ်စု အင်းချောက်ကျေးရွာ အမက(၁၀)သို့ ရောက်ရှိပြီး ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့သည် မိုးကုတ်မြို့နယ် လီရှောလယ်ဦးအုပ်စု အင်းချောက်ကျေးရွာ အမက(၁၀)ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၆ စုနှင့် မိဂဒါရုံကျောင်းတိုက်ရှိရေဘေးသင့်အိမ်ထောင်စုလေးစုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ဆန်တစ်အိတ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးများ၊ ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်းမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မိုးကုတ်မြို့နယ်များတွင် မိုးများရွာသွန်း၍ ပျက်စီးဆုံးရှုံးမှုများမှာ ဇူလိုင် ၂၇ ရက်ထိ လူသေဆုံးမှု ၁၁ ဦး၊ ဒဏ်ရာရရှိမှုခြောက်ဦး၊ နေအိမ်ပြိုကျမှု ၃၂ ခု၊ နေအိမ်ပျက်စီးမှု ၅၈ ခု၊ တံတားရေမျောပျက်စီးမှု ၁၆ ခု၊ တံတားကမ်းကပ်ခုံပျက်စီးမှု နှစ်ခု၊ စာသင်ကျောင်းအုတ်တံတိုင်းပျက်စီးမှုနှစ်ခု၊ တိရစ္ဆာန်ဆုံးရှုံးမှု ၃၁ ခု၊ မိုးစပါး(ပျိုးခင်း) ရေလွှမ်းမိုးမှု ၄၈ ဧက၊ ကျောက်ရိုးပြိုပျက်စီးမှု ခြောက်ခုရှိသည်။ စဉ့်ကူးမြို့နယ်တွင်လည်း မိုးစပါးရေလွှမ်းမိုးမှု ၄၅၂ ဧကရှိခဲ့ရာမှ ၁၃၇ ဧက ရေပြန်ပေါ်လာခဲ့ရာ ၃၁၅ ဧကသာ ရေလွှမ်းမိုးမှုရှိပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်(မုံရွာ)**



## ရထားသံလမ်း/တံတားများ ရေကြီးနစ်မြုပ်မှုအပေါ် မြန်မာ့မီးရထားဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့မီးရထား တိုင်း(၂)နယ်မြေ၊ မဲဇာ-ဘုံချောင်းကြား မိုင်တိုင်(၅၇၃/၁၄-၁၆)မှ (၅၇၄/၇-၁၁)အထိ ရထားသံလမ်းပေါ်သို့ ၁ ပေ ၂ လက်မခန့်အထိ ရေကျော်လျက်ရှိရာ သံလမ်းတစ်လျှောက် ဝဲ/ယာ တစ်မိုင်ခန့်ရှိသဖြင့် ဇူလိုင် ၂၆ ရက် နံနက် ၄ နာရီ မိနစ် ၅၀ တွင် အဆိုပါ ရထားလမ်းပိုင်းကို ပိတ်ထားခဲ့သည်။ သို့ရာတွင် ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတွင် ရေတစ်ပေခန့် ကျဆင်းသွားသောကြောင့် ကျောက်ဖြည့်တင်းခြင်းနှင့် လမ်းပိုင်းပြုပြင်ခြင်းများပြုလုပ်ပြီး အဆိုပါလမ်းပိုင်းကို ညနေ ၅ နာရီတွင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ မော်လူး-နန့်စီးအောင် ဘူတာကြားရှိ တံတားအမှတ်(၅၀၄) ရေတိုက်စားမှုဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထား တိုင်းအမှတ်(၁)မှ အင်ဂျင်နီယာမှူး(မြို့ပြ)ဦးစီးပြီး လုပ်သား ၃၂ ဦးဖြင့် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီခွဲမှစ၍ တိမ်းစောင်းနေသော ဂါဒါပေါင်များ တည့်မတ်ခြင်း၊ ရေကျော်နေရာများပြုပြင်ခြင်း၊ မိုင်တိုင် (၆၁၁/၁၅-၁၆) ရေကျော်နေရာများသို့ ပင်ဘော၌ရှိသော ၆"×၉" ကျောက်ကြီးများ၊ ၁"×၁" လမ်းခင်းကျောက်များ၊ သဲအိတ်များထည့်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရထားလမ်းပိုင်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပင်ဝဲနှင့်မော်လူးဘူတာကြား မိုင်တိုင်(၆၀၂/၆-၇) သံလမ်းအနောက်ဘက်ခြမ်းတွင် အလျားပေ ၄၀၊ အနံ လေးပေခွဲ၊ အမြင့် ၂၅ ပေ တာပေါင်ရေတိုက်စားမှုကို ဖားထပ်ခွေခြင်းလုပ်ငန်းဆောင်ရွက်ပြီး ကျောက်ကြီးနှင့် သဲအိတ်ထည့်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထပ်မံလိုအပ်သော သဲအိတ် ၄၀၀ နှင့် မျောတိုင် ၁၀၀ ကို 96-RGC ရထားဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ပြီး ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းပိုင်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးသည်းထန်စွာရွာသွန်းပြီး ကစ္ဆပနဒီမြစ်ရေတက်မှုကြောင့် ကျောက်တော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**ကျောက်တော် ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း၌ ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဝင်ခြင်း၊ ကစ္ဆပနဒီမြစ်ရေ လျှံတက်ခြင်းတို့ကြောင့် ကျောက်တော်မြို့ မြစ်ကမ်းနားတစ်လျှောက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ အဆိုပါ ကစ္ဆပနဒီမြစ်၏မူလစိုးရိမ်ရေမှတ် စင်တီမီတာ၅၅၀ အထက် ၈ စင်တီမီတာ ကျော်လွန်လာကြောင်း၊ ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတိုင်းထွာချက်အရ ၂၂ စင်တီမီတာ ကျော်လွန်လာပြီး စိုးရိမ်ရေမှတ် ၅၇၂ စင်တီမီတာထိ မြင့်တက်လာကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုကြောင့် ကျောက်တော်မြို့ပေါ်ရှိ မြို့သစ်ရပ်ကွက်နှင့်ပန်းဘဲတန်း၊ မြစ်ကမ်းနားတစ်လျှောက်ရှိ ဈေးဆိုင်ခန်းများ ကွန်းအုံချောင်း၊ ပုဏ္ဏားရွာ၊ ဘုရားပေါင်း၊ ကြောင်စွယ်ဖြူ၊ ပြောင်းဆိပ်၊ ခွဆုံ၊ ဘရာဝါ၊ အောင်ဇေယျ၊ ချောင်းတူ၊ ပန်းဖဲချောင်း၊ ကန်စောက်၊ သရက်တပင်နှင့် ရွာမပြင်စသည့် ကျေးရွာများသို့ ရေများ နှစ်ပေမှ သုံးပေခန့်ထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများထိခိုက်ပျက်စီးမှု အခြေအနေမှာ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၉၄၇၄ ဧကအနက် ၁၉၄၅၂ ဧက ပြန်ပေါ်ခဲ့သော်လည်း ၈၂၃၅ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧက ထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၈၉၀၆ ဧကအနက် ၁၅၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၃၄ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၇၀၁၈ ဧကအနက် ၇၃၄၈၆ ဧက ပြန်ပေါ်ခဲ့သော်လည်း ၄၄၂၈၈ ဧက ထိခိုက်ပြီး ၁၁၄၅၂ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၅၅ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ဧက ၃၆၀ ပျက်စီးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၃၆၉၂ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၆၇ ဧကအနက် ၄၀၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ဧက ၆၀ ထိခိုက်မှုရှိခဲ့ကြောင်းနှင့် နေပြည်တော်တွင် ရေကြီးနစ်မြုပ်မှု ၂၃ ဧကရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗီယက်နမ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ ယာဉ်တန်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်

**နေပြည်တော် ဇူလိုင် ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Marvelous Memory Travels and Tours Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာနိုင်ငံ မြဝတီမြို့သို့ ဝင်ရောက်လာသော ဗီယက်နမ်နိုင်ငံသား ၉၇ ဦးပါဝင်သော ခရီးသွားအဖွဲ့သည် မော်တော်ယာဉ် ၂၃ စီးဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ရောက်ရှိ၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်အား လာရောက်တွေ့ဆုံနှုတ်ဆက်ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ သာယာလှပသောခရီးစဉ်များ၊ သဘာဝအခြေခံခရီးသွားအစီအစဉ်များ၊ စွန့်စားဖြတ်ကျော် ခရီးစဉ်များ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ အာဆီယံဒေသတွင်း ခရီးစဉ်များအကြောင်းကို ကြိုဆိုနှုတ်ဆက်ရှင်းလင်းပြောကြားပြီး မော်တော်ယာဉ်တန်းအဖွဲ့အား ရင်းနှီးစွာအားပေးနှုတ်ဆက်သည်။

အဆိုပါခရီးသွားအဖွဲ့သည် ဇူလိုင် ၂၄ ရက်တွင် မော်တော်ယာဉ် ၂၃ စီးဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ မြဝတီမြို့သို့ ရောက်ရှိခဲ့သည်။

ထို့နောက် မြဝတီမြို့မှတစ်ဆင့် ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ဖူးမြော်ပြီး ကျိုက်ထီးရိုးတွင် ညအိပ်ရပ်နားခဲ့သည်။ ဇူလိုင် ၂၅ ရက်တွင် ကျိုက်ထီးရိုးမှတစ်ဆင့် ပုဂံသို့ရောက်ရှိရပ်နားခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ပုဂံ၊ ညောင်ဦးမြို့များသို့ လှည့်လည်လေ့လာကာ ပုဂံဘုရားများအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံသား ခရီးသွားအဖွဲ့သည် ဇူလိုင် ၂၇ ရက်တွင် ပုဂံမှတစ်ဆင့် နေပြည်တော်သို့ရောက်ရှိပြီး နေပြည်တော်ရှိ ငလိုက်ဆည်၊ ဥပ္ပါတသန္တိစေတီတော်နှင့် လွှတ်တော်အဆောက်အအုံတို့ကို လှည့်လည်လေ့လာကြသည်။

ထို့နောက် မော်တော်ယာဉ်တန်းအဖွဲ့သည် ခရီးစဉ်အစီအစဉ်အတိုင်း ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ယခုအခါ နယ်စပ်ဝင်/ထွက်ပေါက်များမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသော မော်တော်ယာဉ်တန်းခရီးစဉ်များ၊ ဆိုင်ကယ်ယာဉ်တန်းခရီးစဉ်များသည် မိုးရာသီကာလဖြစ်သော်လည်း ယခင်နှစ် အချိန်ကာလထက် ပိုမိုတိုးတက်များပြားစွာ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သပိတ်ကျင်းမြို့နယ် ကျောက်ဖျာချောင်းအတွင်း တောဆင်ရိုင်းတစ်ကောင် မျောပါလာ သစ်တောဝန်ထမ်းများနှင့် ကျေးရွာသားများ ပူးပေါင်းဆယ်ယူနိုင်ခဲ့

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ကျောက်ဖျာချောင်းအတွင်း ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီခန့်က ချောင်းရေဖြင့် ဆင်ငယ်တစ်ကောင်မျောပါလာခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် ဒေသခံကျေးရွာသားများ ပူးပေါင်း၍ ဆင်ငယ်အား ဆယ်ယူဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဖမ်းဆီးရမိသည့် ဆင်ငယ်အား ရွှေဥဒေါင်းဘေးမဲ့တော မြန်မာ့သစ်လုပ်ငန်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ခဲ့သည်။ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဆင်ငယ်အား စစ်ဆေးကြည့်ရှုရာ သစ်လုပ်ငန်းဆင်ပိုင်းမှ ဆင်ငယ်မဟုတ်ဘဲ တောဆင်ရိုင်းဖြစ်ကြောင်းသိရသဖြင့် ရွှေဥဒေါင်းဘေးမဲ့တောဌာနမှ သစ်တောဦးစီးရုံးချုပ် နေပြည်တော်သို့ သတင်းပေးပို့တင်ပြခဲ့သည်။

အဆိုပါ တောဆင်ရိုင်းငယ်သည် ခန့်မှန်းအသက် သုံးလ၊ လေးလခန့်ရှိပြီး အမြင့် သုံးပေခြောက်လက်မ၊ အလျား သုံးပေ ရှစ်လက်မ၊ လုံးပတ် လေးပေ ခြောက်လက်မ၊ အမြီးအရှည် တစ်ပေ ၁၀ လက်မခန့်ရှိကာ မိခင်နို့မပြတ်သေးသော အနက်ရောင်ဆင်မဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆင်ငယ်သည် မိခင်နို့မပြတ်သေးသောကြောင့် မိခင်ဆင်အုပ်ထံသို့ ပြန်လည်ပို့ဆောင်နိုင်ပါက ပို့ဆောင်ရန်နှင့် အကယ်၍မပို့ဆောင်ပါက ကျောက်ကြီးကျေးရွာနှင့် ကျန်ကျေးရွာများသို့ မိခင်ဆင်မကြီးက ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးနိုင်ကြောင်း၊ ဖမ်းဆီးရမိသောနေရာနှင့် ငါးမိုင်ခန့်အကွာတွင် ကျောက်ကြီးကျေးရွာအနီး၌ မိခင်ဆင်မကြီးမှာ ဆင်ငယ်ပျောက်ဆုံးနေသဖြင့် အော်ဟစ်နေကြောင်း ကြားသိရသဖြင့် သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း ရွှေဥဒေါင်းဘေးမဲ့တောဝန်ထမ်းများက ကျောက်ဖျာကျေးရွာ၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် ဆင်အုပ်ရှိသော နေရာသို့ ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တောဆင်ရိုင်းငယ်အား ပြန်လွှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရွှေလီမြစ်ရေကြီး၍ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့နှင့် လမ်း၊ တံတားများ ရေကြီးရေလျှံမှုဖြစ်ပွား

**မဘိမ်း ဇူလိုင် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဘိမ်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရွှေလီမြစ်ရေကြီးမှုကြောင့် ရပ်ကွက်အချို့နှင့် မြစ်ကမ်းတစ်လျှောက်ရှိကျေးရွာများသို့ ရေဝင်ရောက်ခြင်း၊ ကားလမ်းရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

မဘိမ်းမြို့ပေါ်ရှိ မြို့မရပ်ကွက်နှင့်တိုက်ကုန်းရပ်ကွက်အတွင်း ရေဝင်ရောက်မှုကြောင့် တိုက်ကုန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ရေလေးပေခန့်ဝင်ရောက်ပြီး ကျောင်းကြမ်းခင်း၏အပေါ်တွင် ရေတစ်ပေခန့်ထိရှိနေကြောင်း၊ မလှိုင်ကုန်း၊ ဘဲဟဲ၊ မအူကုန်း၊ အင်ကြင်းပင်၊ ခိုတာ၊ ဝိုင်းလုံ၊ ဒိုးချောင်း၊ ငါးအိုးနှင့်ဥယျာဉ်ပုရွာတွင် ရေအမြင့် တစ်ပေခွဲခန့်မှ ခြောက်ပေခန့်ထိ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးမိတ်-မဘိမ်း ကားလမ်းမိုင်တိုင်အမှတ်(၅၆/၁)နှင့် (၅၆/၇) အကြား အရှည် ပေ ၂၀၀ ခန့် ရေကျော်ခြင်း၊ မိုင်တိုင် (၅၆/၃)နှင့် (၅၆/၄)ရှိ သစ်သားတံတားနှစ်စင်း ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။

သို့ဖြစ်၍ မြို့နယ်ကော်မတီ(၃)ရပ်၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ရေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ရွှေ့ပြောင်းရေးနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့ နံနက် ၉ နာရီမှစ၍ ရေများကျဆင်းလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ စစ်တောင်းမှ**

အလားတူ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၉ စင်တီမီတာ(နှစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# မြောက်ဥက္ကလာပမြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ် စာသင်ကျောင်းသုံးကျောင်းနှင့် လူနေအိမ် ၁၀၀ ကျော် ပျက်စီးဆုံးရှုံး၊ တစ်ဦးဒဏ်ရာရ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းသို့ ယနေ့နံနက် ၁ နာရီခန့်တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရပ်ကွက်အချို့ရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လူမှုရေးအသင်းအဆောက်အအုံများမှ အမိုးများလေထဲလွင့်ပါဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး သစ်ပင်များမှာ လမ်းမများပေါ်နှင့် လူနေအိမ် များပေါ်သို့ ပြိုလဲခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်ရာလမ်းကြောင်းပေါ်တွင် ကျရောက်ခဲ့သော မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက်ရှိ အမက(၂၆)စာသင်ကျောင်း အဝင်မုခ်ဦးမှာ ပြိုလဲခဲ့ပြီး အမိုးများအားလုံးနီးပါး လေနှင့်အတူ လွင့်ပါသွားခဲ့သည်။ (ဈ)ရပ်ကွက် စက္ကဝတ်လမ်းတစ်လျှောက်ရှိ လူနေအိမ် ၁၈ လုံးမှာလည်း အမိုးသွပ်များ လေထဲလွင့်ပါ ပျက်စီး ဆုံးရှုံးမှုများဖြစ်ပွားခဲ့ပြီး (ဈ)ဖြူစင်မေတ္တာ အခမဲ့ဆေးကုခန်းမှန်များ ကွဲသွားခဲ့သည်။

အလားတူ(ည)ရပ်ကွက် ဘုမ္မာလမ်းပေါ်ရှိ အမက(၁၅)နှင့် အမက(၁၆) စာသင်ကျောင်းနှစ်ကျောင်းမှာ အမိုးသွပ်များ လေထဲလွင့်ပါခြင်း၊ ပြည့်စုံဖြိုး ဘုမ္မာအရှေ့သမအသင်းပိုင်မြေကွက်ပေါ်ရှိ လူနေအိမ်ဆိုင်ခန်း ကိုးခန်း ပြိုကျခြင်း၊ ရပ်ကွက်လူနေအိမ်ခြေ ၈၀ ခန့်သွပ်မိုးများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ ပြည့်စုံဖြိုးလူနေသမဆိုင်ခန်းနေ ဒေါ်ခင်မြင့်(၄၀)နှစ်မှာ ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ကြောင်း သိရပြီး ရွှေပေါက်ကံမြို့သစ်(၂၁) ရပ်ကွက်ရှိ လူနေအိမ်အချို့မှာလည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်စည်ပင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ (ဈ) ရပ်ကွက် ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက လမ်းမများပေါ်တွင် လဲပြိုနေသော သစ်ပင်များခုတ်လှဲရှင်းလင်းခြင်း၊ လူနေအိမ်များပေါ်သို့ လဲကျနေသောအပင်များ ရှင်းလင်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့သည်။ စာသင်ကျောင်းသုံးကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးကို မထိခိုက်စေရန်အတွက်(က) ရပ်ကွက် အမက ၂၆ မှ ကျောင်းသား ကျောင်းသူများအား ရပ်ကွက်ဓမ္မာရုံနှစ်ခု၌ လည်းကောင်း၊ အမက(၁၆)မှ ကျောင်းသား ကျောင်းသူများအား (ည)ရပ်ကွက် ဓမ္မာရုံနှစ်ခု၌ လည်းကောင်း ယာယီဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အမက(၁၅)မှ ကျောင်းသား ကျောင်းသူများအား နံနက်ပိုင်း၊ ညနေပိုင်း နှစ်ချိန်ခွဲခြား၍ လည်းကောင်း သင်ကြားနိုင်ရေးအတွက်စီစဉ်ထားသည်။ ပျက်စီးသွားသော စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။



**တင့်လွင်(မ/ဥက္ကလာပ)**

# ခရေ (သို့မဟုတ်) အေအာရ်တီနှင့် ရှင်သန်နေသူ

**သတင်းဆောင်းပါး-သီသီမင်း**
**ဓာတ်ပုံ-Facebook**

အသက် ၄၀ ကျော်အရွယ် အသားညိုညို အရပ်ခပ်မြင့်မြင့် အမျိုးသမီးတစ်ယောက်၊ သူ၏ မျက်လုံးများက တောက်ပနေပြီး တတ်ကြွစွာ လှုပ်ရှားနေသည့် ဟန်ပန်တွေက HIV ဝေဒနာရှင်လို့ မထင်ရလောက်အောင် လန်းဆန်းတတ်ကြွနေသည်။ မေးမြန်းလာသည့် မေးခွန်းများကို မနားတမ်းဖြေပေးနေသည့်သူ။ သူနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုကပြုလုပ်သည့် HIV ပညာပေးဆွေးနွေးဟောပြောပွဲတစ်ခုတွင် ဆုံဖြစ်ခဲ့ခြင်းဖြစ်သည်။

**သူ၏နာမည်က ခရေ။**

HIV ဆိုင်ရာပညာပေးဟောပြောပွဲများတွင် "ကျွန်မက HIV ဝေဒနာရှင်ပါ။ အေအာရ်တီသောက်ပြီး အခုလို ကျန်းကျန်းမာမာနေနိုင်တာပါ"လို့ ပွင့်လင်းရဲတင်းစွာ ပြောပြရဲတဲ့သူမ၊ ART သောက်ဖို့ ဘဝတူတွေကို စည်းရုံးသိမ်းသွင်းကျန်းမာရေးအသိပညာပေးနေတဲ့သူ၊ ဟောပြောပွဲတွေမှာ အထင်သေး အမြင်သေးဆက်ဆံခံရမှုတွေကို ရင်နင့်အောင်ခံစားခဲ့ရပေမယ့် အပြုံးမပျက် အတွေ့အကြုံတွေ မျှဝေပေးနေသူ။

"တစ်ခါတလေဆို HIV ဟောပြောပွဲတွေမှာ အမျိုးသား အချို့က ကျွန်မကို လှောင်သလို ဆက်ဆံကြတယ်။ အထူးသဖြင့် လိင်နဲ့ဆိုင်တဲ့အတွေ့အကြုံတွေကိုပြောပြတဲ့အခါပါ။ လိင်ဆက်ဆံရင် ကွန်ဒုံးသုံးဖို့နဲ့ ကူးစက်နိုင်ခြေအများဆုံးရှိနိုင်တဲ့အခြေအနေတွေကို အတွေ့အကြုံတွေနဲ့ယှဉ်ပြီးပြောတဲ့အခါ ပြည့်တန်ဆာဖြစ်ခဲ့ဖူးတဲ့ ကျွန်မရဲ့



စကားက အလေးထားစရာ မဖြစ်ခဲ့ဘူး။ ဒါပေမယ့် ကျွန်မ စိတ်မပျက်ပါဘူး"ဟု NGO အဖွဲ့အစည်းတစ်ခုတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေသည့် ခရေကဆိုသည်။

ဖခင်ကွယ်လွန်သည့် အချိန်ကစ၍ အကြီးဆုံးသမီးဖြစ်သည့် ခရေက မိသားစု ငါးယောက်စားဝတ်နေရေးအတွက် မိခင်နှင့်အတူ ဘဝကိုရုန်းကန်တိုက်ပွဲဝင်ခဲ့သူ။ လားရှိုးမြို့ကနေ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့တဲ့ခရေတို့ မိသားစု။ ခရေ (၁၆)နှစ်အရွယ်ကတည်းက မိသားစုအတွက် အလုပ်မျိုးစုံလုပ်ကိုင်ရင်း ငွေရှာပေးခဲ့သူ။

"ဆီးသီးထုပ်တယ်။ အထည်ချုပ်စက်ရုံတွေမှာ လုပ်တယ်။ဘက်ထရီစက်ရုံမှာလုပ်ဖူးတယ်။ အလုပ်တော်တော်များများ လုပ်ဖူးတယ်။ တဖြည်းဖြည်းနဲ့ မောင်နှမတွေရဲ့ ကျောင်းစရိတ်နဲ့ မိသားစုစားစရိတ်ကမလောက်တော့ဘူး။ ရတဲ့လုပ်ခတွေက နည်းတယ်လေ"ဟု နာမည်က ကဗျာဆန်ခဲ့ပေမယ့် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရပြီး HIV ဝေဒနာကိုပါ ခါးသီးစွာ ခံစားနေရသည့် ခရေက ဘဝနောက်ကြောင်းကို ပြန်ပြောင်းပြောပြသည်။

ထိုစဉ်က ခရေ၏အသက်(၂၀)ဝန်းကျင်ခန့်သာရှိသေးပြီး အမျိုးသမီးတစ်ဦး၏ စည်းရုံးခေါ်ဆောင်မှုကြောင့် ကော့သောင်းမြို့ရှိ သင်္ဘောပေါ်တွင် ဈေးရောင်းရမည်ဆို၍ လိုက်ခဲ့မိသည်က ၎င်း၏ဘဝကို ကံဆိုးခဲ့ရသော အချိန်တွေဖြစ်ခဲ့ရသည်ဟု ကြေကွဲဆို့နစ်စွာ ၎င်းကပြောပြသည်။

"ခေါ်လာတုန်းက အရောင်းအဝယ်လုပ်ဖို့၊ ဒီလည်းရောက်ရော ယောကျ်ားတွေကို ဖျော်ဖြေရသော လိင်အလုပ်သမဖြစ်ခဲ့ရတယ်။ အမေ့ကိုလည်း ပြန်မပြောတော့ပါဘူး။ ဒီဘဝနဲ့ပဲ မိသားစု ငါးယောက်ကို ထောက်ပံ့ခဲ့တယ်။အမေကတော့ အရောင်းအဝယ်အလုပ်လို့ပဲ ထင်နေခဲ့တယ်။"

"တစ်ခေတ်တစ်ခါက မြိတ်နဲ့ ကော့သောင်းဒေသဘက်တွေမှာ ကုန်ပစ္စည်းတွေကို သယ်ဆောင်ရောင်းချတဲ့ မှောင်ခိုဈေးကွက်နဲ့အတူ သင်္ဘောပေါ်တွေမှာ ပြည့်တန်ဆာလုပ်ငန်းတွေကလည်း ခေတ်ကောင်းတစ်ခုဖြစ်ခဲ့ပြီး အခုတော့ ဒီလိုမျိုးတွေမရှိတော့ဘူး"လို့ ခရေကပြောပြသည်။

"ဟိုတုန်းက ပင်လယ်ဘက်တွေမှာ မှောင်ခိုကူးတဲ့ခေတ်လေ။ အရင်တုန်းက ခေတ်ရှိတာ။ အခုအဲဒီခေတ်မရှိတော့ဘူး။ သင်္ဘောတွေပေါ် တက်ရတာ။ အဲလိုမျိုးလုပ်နေရင်းနဲ့ ကျွန်မ ကြာတော့မလုပ်ချင်တော့ဘူး။ ဒါကြောင့် ကျွန်မ အိမ်ထောင်ပြုပြီး ဘဝသစ်တစ်ခုကိုစဖို့ ဆုံးဖြတ်ခဲ့တာပါ။"

ခရေအိမ်ထောင်ကျပြီး မကြာမီမှာပဲ ခင်ပွန်းသည်နှင့် လမ်းခွဲဖြစ်ခဲ့ကြောင်း၊ သားလေးတစ်ယောက်ရရှိနေပြီဖြစ်သည့် ခရေအတွက် စားဝတ်နေရေးဖြေရှင်းရန် ငွေရလွယ်သည့် အလုပ်ကို ဆက်လုပ်ကိုင်မိရာက HIV ပိုး စတင်ကူးစက်ခံခဲ့ရကြောင်း ၂၀၀၃ ခုနှစ်ကာလများဆီက ၎င်း၏ အဖြစ်အပျက်ကို ပြောပြသည်။

"အဲဒီတုန်းက သွေးစစ်ကြည့်လိုက်လို့သိရတာ နှစ်သိမ့်ဆွေးနွေးမှုတွေ ကောင်းကောင်းမရခဲ့ဘူး။ မရခဲ့တော့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိအောင် လုပ်တာ။ နောက်ပိုင်း NGO အဖွဲ့တစ်ခုနဲ့ ချိတ်မိပြီး သူတို့ရဲ့ နှစ်သိမ့်အားပေးမှုနဲ့အတူ ဘဝတူတွေကို ကျန်းမာရေး အသိပညာပေးမယ်ဆိုပြီး ဒီအဖွဲ့အစည်းမှာ အလုပ်ဝင်လုပ်ဖြစ်တာ"။

ကမ္ဘာပေါ်တွင် ဆေးသုံးမျိုးစပ်ပါဝင်သည့် HIV ကူးစက်ခံရသည့် လူနာများအတွက်ဆေးကုသပေးသည့် (ART)ဆေးပေါင်းကုထုံးကို ၁၉၉၆ခုနှစ်ကစ၍ အသုံးပြုခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်မှစတင်အသုံးပြု ကုသပေးနိုင်ခဲ့ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအားကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာမျိုးသန့်၏ ပြောပြချက်အရသိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်မှစ၍ HIV ကူးစက်မှုတားဆီးရေးကို ကျယ်ပြန့်ထိရောက်စွာ လုပ်ကိုင်နိုင်ခဲ့သော်လည်း HIV ကူးစက်မှုမှာ ကမ္ဘာနှင့်အဝှမ်းရှိ လူထုကို ခြိမ်းခြောက်နေသော အဓိက ရောဂါတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ခန့်မှန်းခြေလူဦးရေ ၃၅ သန်းတွင် HIV နှင့် နေထိုင်ကြပြီး ၁ ဒသမ ၅ သန်း မှာ AIDS နှင့် ဆက်နွယ်သောရောဂါများဖြင့် သေဆုံးခဲ့ရကြောင်း UNAIDS ၏ စစ်တမ်းများအရသိရသည်။

"HIVက ပြည့်တန်ဆာတွေမှာသာရှိတယ်လို့ ထင်နေကြတယ်။ လိင်အပျော်အပါးလိုက်စားမှုကြောင့် ကူးစက်နိုင်သလို အခြေအနေအကြောင်း အမျိုးမျိုးကြောင့်လည်း ကူးစက်နိုင်ပါတယ်။ လူတစ်ယောက် သာမန်နေထိုင်ရုံနေရင်းနဲ့ ကူးစက်သွားတဲ့သူတွေ လည်းရှိပါတယ်။ ရောဂါမဖြစ်အောင် သတိနဲ့နေထိုင်ရင်တော့အကောင်းဆုံးပါ။ အဓိကက သွေးစစ်ပါ။ရောဂါရှိတာသိရင် ဆေးကုပါ။ နှစ်သိမ့်ဆွေးနွေးမှုခံယူပါ။ဆေးသောက်ပါ။ လူ့သက်တမ်းစေ့နေနိုင်ပါတယ်"ဟု NGO အဖွဲ့အစည်းတစ်ခုမှ ဒေါက်တာစစ်နိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် လူဦးရေ၏ အသက်(၁၅)နှစ်နှင့် အထက် လူကြီးပိုင်းတွင် HIV ဖြစ်ပွားမှုနှုန်းမှာ သုည ဒသမ ၅၄ ရာခိုင်နှုန်းသာရှိသဖြင့် နည်းသည်ဟုဆိုနိုင်သော်လည်း ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူများ ဆေးထိုးအပ်မှတစ်ဆင့် ကူးစက်မှု ၂၃ ရာခိုင်နှုန်း၊ အမျိုးသားချင်း လိင်ဆက်ဆံသူများနှင့် ဆန့်ကျင်ဘက်လိင်ပြောင်းလဲနေထိုင်သူများတွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမျိုးသမီးလိင်လုပ်သားများတွင် ၆ ဒသမ ၃ ရာခိုင်နှုန်းခန့် HIV ဖြစ်ပွားလျက်ရှိကြောင်းနှင့် ထိုသူတို့အပေါ် လူထု၏ ခွဲခြားဆက်ဆံမှုနှင့် အထင်သေးရှုတ်ချမှုများကြောင့် HIV ကုသရေးအစီအစဉ်များကို လက်လှမ်းမီ အသုံးချနိုင်ရန် ခက်ခဲသော အခြေအနေတစ်ရပ်ဖြစ်နေကြောင်း UNAIDS ၏ စစ်တမ်းများတွင် ဖော်ပြထားသည်။

"ခွဲခြားဆက်ဆံမှုလေးတွေရှိနေသေးတယ်လေ။ ဒီတော့ HIV ဖြစ်နေတဲ့သူတွေကို ART ဆေးမှန်မှန်သောက်ဖို့၊ သွေးစစ်ဖို့၊ အကာအကွယ်မဲ့ လိင်မဆက်ဆံမိစေဖို့နဲ့ စိတ်ဓာတ်မကျဖို့ အားပေးနှစ်သိမ့်မှုတွေလုပ်တဲ့အခါ ဘဝတူချင်းဆွေးနွေးတာက ပိုထိရောက်တာတွေ့ရတယ်။ နောက်ပြီးဆန္ဒရှိရင် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ သင်ပေးတဲ့ အဖွဲ့အစည်းတွေ ဥပမာပြောရရင် တော်ဝင်ခရေလို အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးပါတယ်။ အခုဆို အလှပြင်ဆိုင်လို၊ စက်ချုပ်လုပ်ငန်းတွေလို နေရာတွေမှာ အလုပ်ဝင်တဲ့ လူတွေလည်းရှိနေပါပြီ"ဟု ခရေက ပြောသည်။

မြန်မာနိုင်ငံသည် အာရှတွင် HIV ကူးစက်မှုဒဏ်ကို အပြင်းအထန်ဆုံးခံစားနေရသော နိုင်ငံများတွင် ပါဝင်သည်။ ၂၀၁၄ ခုနှစ် စစ်တမ်းများအရ HIVဝေဒနာရှင်ပေါင်း နှစ်သိန်းကျော်ရှိပြီး ART ဆေးသောက်သုံးနေသူ ၈၀၀၀၀ ကျော်ရှိကြောင်းနှင့် ဆေးသောက်သုံးရန် လိုအပ်နေသည့် လူနာပေါင်း ၁၂၀၀၀၀ ကျော်ခန့်ရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ သိရသည်။

"ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးအသုံးစရိတ်ကို အရင်ကထက် အဆပေါင်းများစွာ တိုးချဲ့ချထားပေးလျက်ရှိပါတယ်။တစ်နိုင်ငံလုံးဆိုရင် ART ဆေးပေးတဲ့ လူနာပေါင်း ၈၀၀၀၀ ကျော်ကို စဉ်ဆက်မပျက်ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာလည်း ထပ်ပြီးတိုးချဲ့ပေးသွားဖို့ အစီအစဉ်တွေရှိပါတယ်။ ART ဆေးလိုအပ်နေတဲ့ လူတွေရဲ့ ၉၅ ရာခိုင်နှုန်းကျော်ထိအောင် ဆေးဝါးရရှိဖို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအားကျ/ကာလသား ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာမျိုးသန့်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် HIV ဝေဒနာရှင်များအတွက် ART ဆေးပေးသည့်စင်တာများထားရှိကြောင်း၊ ဝေးလံသော အရပ်ဒေသများတွင် ထပ်မံတိုးချဲ့ဆောင်ရွက်သွားရန် အစီအစဉ်များဆောင်ရွက်နေကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင်လည်း အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဝင်း ခုခံအားကျ/ကာလသားတိုက်ဖျက်ရေးအဖွဲ့တို့တွင် နှစ်သိမ့်ဆွေးနွေးခြင်း၊ ဆေးဝါးအခမဲ့ပေးခြင်းနှင့် HIV ပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးနေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအားကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ သိရသည်။

"ART ဆေးကိုတော့ ဂရုစိုက်သောက်ရပါမယ်။ အချိန်မှန်သတိထားပြီးသောက်ပါ။ ဆေးတစ်ရက်မှ ပျက်လို့မရပါဘူး။ တစ်သက်လုံးသောက်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ရော အစိုးရမဟုတ်တဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကပါ ဆေးရရှိအောင်ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် ရောက်ရှိရာ လက်လှမ်းမီရာနေရာတွေမှာ ဆက်သွယ်ပြီး ဆေးရယူနိုင်ပါပြီ။နိုင်ငံတော်ကလည်း ကျန်းမာရေးကဏ္ဍမှာ တော်တော်လေး အကုန်ကျခံသုံးစွဲနေတာကို တွေ့ရမှာပါ။ ဆေးရရှိရေးအတွက် အများကြီးပူစရာမလိုလောက်ပါဘူး။ ကျန်တာတွေဦးစားမပေးရင်တောင် ARTဆေးရရှိရေးကိုတော့ ဦးစားပေးမှာပါ" ဟု ဒေါက်တာစစ်နိုင်က သုံးသပ်ပြောကြားသည်။

ART ဆေးသောက်ရင်းအသက်ရှင်သန်နေရတဲ့ ခရေ။ လူမှုရေးအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရင်း မနက်ဖြန်များစွာအတွက် မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့အနာဂတ်ကို မရဲတရဲပုံဖော်နေတဲ့ ခရေ၊ သားလေးတစ်ယောက်နဲ့အတူ HIV ဝေဒနာရှင်တစ်ယောက်ဖြစ်ပေမယ့် စိတ်ဓာတ်မကျဘဲ ဘဝကို ရဲရဲဝင့်ဝင့်ရင်ဆိုင်နေတဲ့ ခရေက "ဒီနှစ် ကျွန်မသားလေး ၁၀ တန်းအောင်တယ်လေ။ ကျွန်မအခုလို လူမှုအကျိုးပြုလုပ်ငန်းတွေမှာ လူကောင်းတစ်ယောက်လို တက်ကြွစွာပါဝင်နိုင်ဖို့နဲ့ လူ့သက်တမ်းစေ့နေနိုင်ဖို့ဆိုတာက စဉ်ဆက်မပြတ် ART ဆေးရရှိမှုပေါ်မှာမူတည်နေတယ်"ဟု ဆိုသည်။




# ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ (၂၀၁၅)ကို ဩဂုတ်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ (၂၀၁၅)တွင် ပေးပို့ပြိုင်ပွဲနှင့် လက်တွေ့ပြိုင်ပွဲဟူ၍ ခွဲခြားသတ်မှတ်ထားပြီး ပေးပို့ပြိုင်ပွဲ၌ "သန့်ရှင်းစိမ်းလန်းသာယာစေ မြို့တော်ရန်ကုန်မြေ" ဟူသောခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး အထက်တန်း၊ တက္ကသိုလ်နှင့် အလွတ်တန်းဟူ၍ အတန်း သုံးတန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပေးပို့ကားချပ်များကို ဩဂုတ် ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကားချပ်များကို မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)နှင့် ပြင်ပ ပန်းချီ၊ ကာတွန်း၊ ပိုစတာပညာရှင်များက ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြို့တော်ခန်းမ၌ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

အလားတူ လက်တွေ့ပြိုင်ပွဲ၌ "ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ထိန်းသိမ်းပေး"၊ "တို့မြို့တော်သာယာရေး စုပေါင်းသစ်ပင်စိုက်ပျိုးပေး"၊ "စည်းမဲ့အမှိုက်မစွန့်ရေး ပြည်သူများ ဆောင်ရွက်ပေး" စသည့် ခေါင်းစဉ်များမှ ပြိုင်ပွဲကျင်းပမည့်နေ့ရက်တွင် မဲနှိုက်ရွေးချယ်ပြီး ကျရာခေါင်းစဉ်နှင့်အညီ ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်ကာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ အတန်း သုံးတန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ အထက(၂) လသာကျောင်း၌ လက်တွေ့ပန်းချီပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ လက်တွေ့ကာတွန်းပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်တွေ့ပိုစတာပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်တွင် အထက(၂) လသာကျောင်း၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပြင်ပပုဂ္ဂလိကကျောင်းများ၊ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရပြီး ဆုရရှိသူများအား ဆုများကိုထိုက်တန်စွာ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဖုန်း-၀၉-၄၉၂၂၇၈၈၆၊ ၀၉-၈၆၃၆၅၂၊ ၀၉-၇၃၀၀၃၄၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး Website:www.ycdc.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

# မြန်မာနိုင်ငံ၌ လူဦးရေ စုစုပေါင်း၏ သုည ဒသမ ၅၈ ရာခိုင်နှုန်းမှာ အမြင်အာရုံဆုံးရှုံးနေ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း၏ သုည ဒသမ ၅၈ ရာခိုင်နှုန်းသည် အမြင်အာရုံဆုံးရှုံးနေကြောင်း ဇူလိုင် ၂၇ ရက်က နေပြည်တော်ရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပခဲ့သည့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း၏ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းအရ ကမ္ဘာပေါ်တွင် လူဦးရေ ၂၈၅ သန်းသည် မျက်စိအမြင်အာရုံချို့ယွင်းနေပြီး အဆိုပါ ၂၈၅ သန်းအနက် ၃၉ သန်းသည် အမြင်အာရုံဆုံးရှုံးနေသူဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း လူဦးရေစုစုပေါင်း သုည ဒသမ ၅၈ ရာခိုင်နှုန်းသည် မျက်စိအမြင်အာရုံဆုံးရှုံးနေကြောင်း၊ ထိုသို့ အမြင်အာရုံ ချို့တဲ့သူများအနက် ၈၀ ရာခိုင်နှုန်းကို ကာကွယ်ကုသနိုင်ခဲ့ကြောင်း၊ မျက်စိကွယ်စေနိုင်သည့် အဓိက အကြောင်းရင်းသည် အတွင်းတိမ် ရောဂါကြောင့်ဖြစ်ပြီး မျက်စိကွယ်သူစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားခဲ့သည်။

ထို့အတူ ရေတိမ်၊ ထိခိုက်ဒဏ်ရာ၊ မျက်ကြည်နာနှင့် ဆီးချို၊ သွေးတိုးရောဂါများကြောင့်လည်း မျက်စိကွယ်စေနိုင်ခြင်းကြောင့် မျက်စိရောဂါများကို ကာကွယ်ကုသပေးခြင်း၊ ပညာပေးခြင်းတို့အပြင် ဆက်စပ်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ၂၀၂၀ ခုနှစ်တွင် အတွင်းတိမ်ခွဲစိတ်မှုနှုန်းကို လူဦးရေ ၃၀၀၀ အထိ ရောက်ရှိရန် ရည်မှန်းထားပြီး အတွင်းတိမ်ခွဲစိတ်မှုနှုန်းသည် တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးလာခဲ့ရာ ၂၀၁၄ ခုနှစ်တွင် လူတစ်သန်းလျှင် ၁၇၃၄ ဦးနှုန်း ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့သည် ၂၀၂၀ ခုနှစ်တွင် ကာကွယ်ကုသ၍ ရသော မျက်စိရောဂါ၏ ၂၅ ရာခိုင်နှုန်းအထိ လျော့ကျစေရန် ရည်မှန်းထားပြီး အဆိုပါရည်မှန်းချက်အား အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အကြံဉာဏ်ကောင်းများ၊ နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အရှိန်အဟုန်မြင့်ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း၏ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများ၊ နီးနွှယ်အဖွဲ့အစည်းများ၊ နိုင်ငံတကာပညာရှင်များ၊ မိတ်ဖက်နိုင်ငံတကာ အဖွဲ့အစည်းများနှင့် Fred Hollow Foundation(FHF)၊ International Agency for Prevention of Blindness (IAPB)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် - ၂၀၁၅ ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်း ပြင်ဆင်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာ-ဂျပန်အသင်း၏ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅)အတွက် ရွေးချယ်ခြင်းခံရသည့် **"ဘက်စုံထူးချွန်သူ (၂၀)ဦး"**၏ အမည်စာရင်းအား ဇူလိုင် ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ထုတ်ပြန်ခဲ့သူများအနက်မှ အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူ ငါးဦးမှာ ပညာရေးဝန်ကြီးဌာနမှ "Japan-Asia Youth Exchange Program in Science" အစီအစဉ်အတွက် ဂျပန်နိုင်ငံသို့ စေလွှတ်ရန် ရွေးချယ်ထားသည့် အမည်စာရင်းတွင်ပါရှိနေကြောင်းသိရှိရသည့်အပြင် ခရီးစဉ်နှစ်ခုမှာ အလွန်နီးကပ်နေပါသဖြင့် အသင်း၏ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် အသင်း၏ချမှတ်ထားသည့် **"ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးအခြေခံမူများ"**နှင့်အညီ ပြန်လည်စည်းဝေး၍ မူလရွေးချယ်ထားသည့် ဘက်စုံထူးချွန်သူ (၂၀) ဦး၏ အမည်စာရင်းမှ ကောက်နုတ်ပယ်ဖျက်လိုက်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မမော်သိုးမြာ | အထက(၁)၊ လှိုင်ကော်မြို့ | ကယားပြည်နယ်၊ |
| (၂) | မောင်သျှမ်းပုမ် | အထက(၂)၊ ဖလမ်းမြို့ | ချင်းပြည်နယ်၊ |
| (၃) | မပန်းရတီ | အထက(၁)၊ မုဒုံမြို့ | မွန်ပြည်နယ်၊ |
| (၄) | မောင်ထက်လင်းအောင် | အထက(၃)၊ ပဲခူးမြို့ | ပဲခူးတိုင်းဒေသကြီး၊ |
| (၅) | မမေဆုမွန်ချို | စီအေအီး(ကပက)၊ ဥတ္တရသီရိ | နေပြည်တော်။ |

အထက်ပါကောက်နုတ်ပယ်ဖျက်ခဲ့သည့် ကျောင်းသား ကျောင်းသူ ငါးဦးအစား အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူ ငါးဦးအား ပြင်ဆင်အတည်ပြုရွေးချယ်ခဲ့ကြောင်း မြန်မာ-ဂျပန်အသင်းက သတင်းထုတ်ပြန်ထားသည်-

| | | | |
|---|---|---|---|
| (၁) | မဘီယားထရစ်ငြိမ်းငြိမ်းသူ | အထက(၂)၊ လှိုင်ကော် | ကယားပြည်နယ်၊ |
| (၂) | မဗန်ရွှေအီယာန်း | အထက(၃)၊ ဟားခါး | ချင်းပြည်နယ်၊ |
| (၃) | မအိမ့်သက်မှူး | အထက(၆)၊ မော်လမြိုင် | မွန်ပြည်နယ်၊ |
| (၄) | မောင်လူမော်ဟိန်း | အထက(၁)၊ ပြည် | ပဲခူးတိုင်းဒေသကြီး၊ |
| (၅) | မောင်ရဲထက်စိုး | စီအေအီး(ကပက)ဥတ္တရသီရိ | နေပြည်တော်။ |

**(သတင်းစဉ်)**

# ၂၀၁၅ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကြီးမှူး၍ မြို့နယ်နှင့်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၁၅)ကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစန်းကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့ ရဲစခန်းမှူး ဒုတိယရဲမှူးမြင့်လွင်က ရွေးကောက်ပွဲတွင် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားသည်။ သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များ၊ မဲစာရင်းပြုစုခြင်း၊ ဆန္ဒပြုခြင်း၊ မဲရုံတည်ဆောက်ခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

# ဇူလိုင် ၂၇ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၅၅၀၀ |
| ၂ | ဧည့်မထ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၈၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၅၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀၀၀ မှ ၅၈၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၈၀၀၀ မှ ၂၁၅၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# ကြေးနီရိုးတူးဖော်ပေးခြင်းကြောင့် နှစ်စဉ် ရေနစ်မြုပ်နေသည့် ဧက ၃၀၀ ကျော်နှင့် အခြားဧက ၁၂၀၀ ကျော် ရေလွှမ်းမိုးမှု ကင်းဝေးတော့မည်

**စဉ့်ကိုင် ဇူလိုင် ၂၇**

စဉ့်ကိုင်မြို့နယ်အတွင်းရှိ သစ်ခေါက်ကျေးရွာ၊ မြောင်းစုံကျေးရွာ၊ ကံဆွယ်ကျေးရွာ၊ အရေးမဆိုကျေးရွာ၊ ခံလူးကျေးရွာနှင့် လက်ပံချိုင့်ကျေးရွာများမှ စိုက်ပျိုးတောင်သူများ၏ ရေပိုလျှံသောအချိန်တွင် စိုက်ပျိုးရေပိုလျှံရေများ လွှဲရာနှင့် ရေလိုအပ်သောအချိန်တွင် စိုက်ပျိုးရေ ပြန်လည်ရယူလျက်ရှိသော ကြေးနီရိုးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ကာ ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

"ဒီကြေးနီရိုးမှာ နှစ်စဉ် ဧက ၃၀၀ လောက်က ရေအမြဲ အလွှမ်းခံရတယ်။ ရေကြီးတဲ့အချိန်ဆို ဧက ၁၂၀၀ ကျော်လောက် ရေနစ်မြုပ်တယ်၊ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်တာ၊ လုပ်ငန်းကိုလည်း တင်ဒါအောင်တဲ့ကုမ္ပဏီတွေက ဆောင်ရွက်ပြီး ကျွန်တော်တို့ဌာနက လုပ်ငန်းကြီးကြပ်ဆောင်ရွက်တာပါ"ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းသန်း၏ ပြောပြချက်အရ သိရသည်။

တူးဖော်လျက်ရှိသော ကြေးနီရိုးသည် အရှည်ပေ ၃၁၂၅၀ ရှိပြီး ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူများ၏ မြေဧကပေါင်း ၁၂၅၀ ကို တူးဖော်ပြီးစီးပါက ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်မှ စတင်ကာ စက်ယန္တရားကြီးများဖြင့် နှစ်ရှည်ခိုင်ခံ့အောင် တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

"မြောင်းတူးလိုက်တော့ စိုက်ထားတာတွေ ရေမနစ်တော့ဘူး။ အရင်နှစ်တွေကတော့ စိုက်ထားတာလေးတွေ အမြဲရေနစ်တယ်။ လုပ်သလောက် မရဘူး။ ရေအလွှမ်းမခံရဘူးဆိုရင် လုပ်သလောက် အကျိုးရှိပါတယ်။ နှစ်စဉ် ရေလွှမ်းခြင်းခံရသူ အရေးမဆိုကျေးရွာမှ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# လီယိုနာဒိုရိုက်ကူးနေတဲ့ ဇာတ်ကားသစ် The Revenant

"Titanic"မင်းသားချော လီယိုနာဒို ဒီကာပရီယိုသည် သည်းထိတ်ရင်ဖို ရုပ်ရှင်ဇာတ်ကားသစ်တစ်ကားကို ရိုက်ကူးလျက်ရှိပြီး အဆိုပါဇာတ်ကားကို "The Revenant"ဟု ယာယီ အမည်ပေးထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားသည် အဓိကဇာတ်လိုက် ဟိုက်ဂလက်စ်နေရာမှ ပါဝင်သရုပ်ဆောင်ထားပြီး မင်းသားတွန်ဟာရီက ဂျွန်ဖစ်ဇ်ဂါရဲဒ်အဖြစ်လည်းကောင်း၊ ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများတွင် ဘေလ်ဝီရာစလေးအဖြစ် သရုပ်ဆောင်ခဲ့သော ဒွန်မ်နဲလ်ဂလီးစန်က အန်ဒရူးဟင်နရီအဖြစ်လည်းကောင်း အတူတွဲဖက်ပါဝင်သရုပ်ဆောင်လျက်ရှိသည်။



ယင်းဇာတ်ကားသည် လီယိုနာဒိုအား သူ၏အမဲလိုက်အဖွဲ့မှ အဖွဲ့သားများက သေဘေးနှင့်ကြုံတွေ့ရသည်တွင် စွန့်ပစ်ထားခဲ့ပြီးနောက် မင်းသားက အသက်ရှင်သန်လွတ်မြောက်ရန် အပြင်းအထန်ကြိုးပမ်းခဲ့ပုံများကို ဇာတ်အိမ်တည်ကာ ရိုက်ကူးထားသော သည်းထိတ်ရင်ဖိုဇာတ်လမ်းမျိုးဖြစ်သည်။

၂၀၀၁ ခုနှစ်ကတည်းက ယင်းဇာတ်ကားကို ရိုက်ကူးထုတ်လုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အကြိမ်ကြိမ်ပျက်ခဲ့ရပြီး ရိုက်ကူးရေးလုပ်ငန်းများကို ရွှေ့ဆိုင်းထားခဲ့ရာ ယခုအခါမှပြန်လည် စတင်ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ အမေရိကန် ပြည်ထောင်စုတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။


## ဟစ်ဟော့ပ်တေးအယ်လ်ဘမ်ထုတ်မယ့် ဆိုဂျီဆပ်



"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်ကို စွဲဆောင်နိုင်ခဲ့သော မင်းသားချောဆိုဂျီဆပ်သည် သူ၏နောက်ထပ်အနုပညာလှုပ်ရှားမှုတစ်ရပ်အဖြစ် ဟစ်ဟော့ပ်တေးအယ်လ်ဘမ်တစ်ခုကို ထုတ်လုပ်သွားရန်စီစဉ်ထားကြောင်း သူ၏အေဂျင်စီက တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

ယခုထွက်ရှိမည့် တေးအယ်လ်ဘမ်ကို အသက်(၃၇)နှစ်အရွယ် မင်းသားဆိုဂျီဆပ်သည် ဟစ်ဟော့ပ်တေးဂီတအဖွဲ့ Soul Diveနှင့် ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကာ သီချင်းများကို တေးဂီတဝက်ဘ်ဆိုက်များတွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

လတ်တလောတွင် မင်းသားသည် KBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သည့် "Oh My God"ရုပ်ရှင်တွင်လည်း မင်းသမီးရှင်မင်အနှင့်အတူ တွဲဖက်သရုပ်ဆောင်လျက်ရှိပြီး ယင်းရုပ်ရှင်ကို ၂၀၁၅ ခုနှစ်၏ ဒုတိယနှစ်ဝက်ပိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။



## ကမ္ဘာ့အလှဆုံးအမျိုးသမီးရဲ့ (၅၁) နှစ်ပြည့်မွေးနေ့

၂၀၁၅ခုနှစ်အတွက် ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ်ရွေးချယ်ခံခဲ့ရသော ဟောလိဝုဒ်မင်းသမီးကြီး ဆန်ဒရာဘူးလော့ခ်သည် ဇူလိုင် ၂၆ ရက်က အသက် (၅၁)နှစ်ပြည့်ခဲ့ပြီဖြစ်ကာ သူသည် အသက်အရွယ်နှင့်မလိုက်အောင် ငယ်ရွယ်နုပျိုနေဆဲဖြစ်သည်။

မင်းသမီးကို "People" မဂ္ဂဇင်းက ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ သူသည် လှပရုံသာမက အနုပညာတွင်လည်း ထူးချွန်သူတစ်ဦးဖြစ်ကာ ၂၀၁၃ ခုနှစ်က "Gravity"ရုပ်ရှင်ဖြင့် အော်စကာဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသူ ဖြစ်သည်။

လတ်တလောတွင် မင်းသမီးသည် "minions"ရုပ်ရှင်များ၌ ကောက်ကျစ်သည့် ဗီလိန်တစ်ဦးဖြစ်သော စကားလတ် အိုဗာကေးလ်နေရာက ပါဝင်သရုပ်ဆောင်လျက်ရှိသည်။



## "Vogue" မဂ္ဂဇင်း မျက်နှာဖုံးရှင်ဖြစ်လာတဲ့ ကက်တီပယ်ရီ

အမေရိကန် ပေါ့ပ်အဆိုတော် ကက်တီပယ်ရီသည် ဂျပန်နိုင်ငံထုတ် "Vogue"မဂ္ဂဇင်း၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလထုတ် မဂ္ဂဇင်းအတွက် မျက်နှာဖုံးရှင်အဖြစ် ဓာတ်ပုံရိုက်ကူးပေးခဲ့သည်။

အဆိုပါဓာတ်ပုံတွင် ကက်တီပယ်ရီ၏ ပန်းရောင်ဖျော့ဖျော့ဆံပင်တိုလေးအောက်မှ မျက်ခုံးထူထူနှင့် ရီဝေဝေ မျက်ဝန်းနက်ကြီးများက သူ့ကို ဆွဲဆောင်မှုရှိရှိ လှပနေစေကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အေးပြည့် - စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

### ၂၈ - ၇ - ၂၀၁၅ (အင်္ဂါနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ် တေးအရသာဂီတရိပ်သာ (အပိုင်း-၁၀၄)
၆း၂၀ နေရယ် လရယ် အမှန်တရားရယ် (အပိုင်း-၂) "အဆိပ်အတောက်"
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇၂)
၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၀)
၈း၄၅ ပြည်သူ့နီတိ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"
၉း၀၀ တေးဂီတအစီအစဉ်
၉း၁၅ "ထောင်မင်းသားနှင့်တွေ့ဆုံခြင်း"
၉း၂၅ တေးဂီတအစီအစဉ်
၉း၄၀ ဟိုးတုန်းက . . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ရယူလိုသောဆု" (ဇော်မင်းထွန်း၊ ထူးမြတ်၊ A-3၊ စောယုနန္ဒာ၊ ခိုင်သဇင်) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၁၀း၃၀ ASEAN ယဉ်ကျေးမှုအစီအစဉ်
၁၀း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "Boxing ချစ်သူ" (အောင်ရဲလင်း၊ သဉ္ဇာဝင့်ကျော်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

**တစ်နေ့ ၆ နာရီစာ လေးကြိမ်ပြသပါမည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္ထဝင်မြောက်အမုန်း အပိုင်း(၄၁)
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂျွန်း (အပိုင်း-၁၂)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မော်ဝင်စီးချင်း (အပိုင်း-၂၇) (ဇာတ်သိမ်း)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် +မေတ္တာသုတ်
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၃၆)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၅၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပေါက်ဆန်းဒေသသို့အလည်တစ်ခေါက်
၁၁း၀၀ သွားမယ်စားမယ် (My Friends-2)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၁၅)
၁၂း၃၀ Healthy Life [ဇူလိုင်လ ၂၈ ရက်နေ့ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်ဆွေးနွေးပွဲ]
၄း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၅း၀၀ ခေတ်သစ်ပျိုမေ
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄)
၁၁း၅၅ မန္တလေးမဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး

### mitv

- Climate Context: Signs of Climate Change (Episode-2)
- Gardener: Rose Plantation
- Pleasant Waso
- A Worth Studying Site For Ancient Myanmar Heritages
- Will you feed the pigeons
- Choral Dance (Duel)
- Let's Enjoy Fish Crispy
- All About Orchids
- Dengue Fever
- Myanmar Paper Toys
- Htan Taw Drums (Part-II) "Dobat"
- A Way of Life: Karate-do
- A Day Out With Sarah (EP-2)
- Thin Byu Mat
- Taste Of Myanmar (Shan - Flat -Rice- Noodle Soup)
- Up Against The Tide
- Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- A Journey To Southern Shan State (Ep-2)
- Traditional Customs of Holy Waso
- …….Shan Novices To Be……….
- Art Students: Theatrical Art
- Lucrative Businesses of Tanintharyi Region
- The Iron Rider
- Myanmar Puppet
- Youth Of The Future (Ep-10) Youth Film Maker (Sai Aung Tun)
- Inspiration

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် (မန္တလေး)၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် ကမ္ဘောဇဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် စတုတ္ထပွဲစဉ် (မန္တလေး)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကိုဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် မြင့်မိသားစု ဒါရိုက်တာ ဦးကျော်ကျော်မြင့်က ကမ္ဘောဇဘဏ်လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ရာ ကမ္ဘောဇဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးသက်ကိုကိုမျိုးက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ကို ရေတံခွန်တောင်ဂေါက်ကွင်းမှ ကွင်းတာဝန်ခံအရာရှိ ဦးဝင်းနိုင်က လက်ခံရယူသည်။

ထို့နောက် အပျော်တမ်းအမျိုးသမီးနေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် မင်္ဂလာမန္တလေး ကိုယ်စား ဦးခင်ဇော်ကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် Shinning Star Co., Ltd. ဥက္ကဋ္ဌ ဦးတင်ကို၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက် ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် Themis Co., Ltd. ဒါရိုက်တာဦးထွန်းထွန်းလင်းတို့က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး Lucky သောက်ရေသန့်ဥက္ကဋ္ဌ ဦးမာလီက အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၃၈ ချက်ဖြင့် တတိယရရှိသောခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၃၇ချက်ဖြင့် ဒုတိယရရှိသော ယဉ်မေမျိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် အထက်မြန်မာပြည် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် တတိယရရှိသော လှိုင်မင်းထက်၊ စုစုပေါင်းရိုက်ချက် ၂၉၄ချက်ဖြင့် ဒုတိယရရှိသော သီဟဌေးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဦးအောင်ဝင်းခိုင် မြန်မာဆင် ဘိလပ်မြေကိုယ်စား ဦးခင်ဇော်က Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၃ ချက် ( 5 Under)ဖြင့် တတိယရရှိသော ဇော်ဇင်ဝင်း (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၇၈ ချက် (10 Under) ဖြင့်ဒုတိယရရှိသော ဇော်ဇော်လတ် (HAN Golf Academy)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၉ ချက်ဖြင့် ပထမဆုရရှိသွားသော မေဦးခိုင်အား ဆုချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ဇာနည်ဝင်းကအပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိသော မောင်မဲ၊ Professional အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၇၆ချက် (12 Under) ဖြင့် ပထမရရှိသော သိန်းဇော်မြင့် (Mizuno) တို့အား ဆုများပေးအပ်ချီးမြှင့်၍ ကမ္ဘောဇ Group of Companies မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းက ပထမရရှိသော သိန်းဇော်မြင့် (Mizuno) အား ဆုကြေးငွေ ချက်လက်မှတ်ပေးအပ်ချီးမြှင့်သည်။ **(ဖိုးသော်ဇင်)**





# အာဂျင်တီးနားဂိုးသမား ရိုမီရိုအား မန်ယူအသင်းခေါ်ယူ

မန်ယူအသင်းဂိုးသမား ဒီဂီယာသည် မန်ယူအသင်းတွင် ဆက်ရှိရန် မသေချာတော့သည့်အတွက် မန်ယူအသင်းအနေဖြင့် အာဂျင်တီးနားဂိုးသမား ဆာဂျီယိုရိုမီရိုအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အာဂျင်တီးနားဂိုးသမား ရိုမီရိုသည် ဆမ်ဒိုးရီးယားအသင်းမှ ထွက်ခွာခဲ့ပြီးနောက် မန်ယူအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ မန်ယူအသင်းအနေဖြင့် အဆိုပါအာဂျင်တီးနားဂိုးသမား ရိုမီရိုအား ခေါ်ယူခဲ့ခြင်းမှာ ဂိုးသမားဒီဂီယာအပြင် ဂိုးသမားဗစ်တာဗဲလ်ဒက်သည်လည်း နည်းပြဗန်ဟားလ်၏ ပွဲထွက်ကစားစေမှု အခြေအနေအရ မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ဂိုးသမား ရိုမီရိုသည် မန်ယူအသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့သည့် ဂိုးသမားတစ်ဦးလည်းဖြစ်သည်။

မန်ယူဂိုးသမား ဒီဂီယာသည် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသည့်အပြင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည်လည်း နောက်ဆုံးနှစ်သို့ ရောက်ရှိနေခြင်းကြောင့် မန်ယူအသင်းမှ ဂိုးသမားဒီဂီယာ ထွက်ခွာသွားပါက ကြုံတွေ့ရမည့် မန်ယူအသင်း၏ စိန်ခေါ်မှုတစ်ခုအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောကြားကာ အာဂျင်တီးနားဂိုးသမားရိုမီရိုအား ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြောကြားခဲ့သည်။

ထို့ပြင် ယခုကဲ့သို့ အာဂျင်တီးနားဂိုးသမား ရိုမီရိုအား ခေါ်ယူခဲ့သော်လည်း ဂိုးသမားဒီဂီယာအနေဖြင့် မန်ယူအသင်း၌ ဆက်ကစားမည်ဆိုပါက မန်ယူအသင်း၏ ပထမဦးစားပေးဂိုးသမားအဖြစ် ဒီဂီယာကို ပွဲထွက်ကစားစေမည်ဖြစ်ကြောင်းလည်း ဗန်ဟားလ်က ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဗဟိုနောက်ခံလူ ဒါမိန်၊ ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ရှဝိန်းစတိုင်ဂါနှင့် ရှနိုက်ဒါလင်၊ တိုက်စစ်မှူး ဒီပေးတို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် အာဂျင်တီးနားဂိုးသမား ရိုမီရိုသည် မန်ယူအသင်း၏ ငါးဦးမြောက်စာချုပ်ချုပ်ဆိုခေါ်ယူခဲ့သည့်ကစားသမားလည်း ဖြစ်လာခဲ့သည်။ **(ငွေကြယ်)**

# မြစ်သားမြို့နယ်တွင် တာဝေးအပြေးပြိုင်ပွဲနှင့် ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပ

**မြစ်သား ဇူလိုင် ၂၇**

မြစ်သားမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အတွင်းအားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP)အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား တာဝေးအပြေးပြိုင်ပွဲနှင့် ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပခဲ့ကြောင်း သိရ သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား တာဝေးအပြေးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသားနှင့် ကျောင်းသူနှစ်မျိုးခွဲကျင်းပခဲ့ပြီး ကျောင်းသားများကို လက်ညှိုးထိုးလမ်းခွဲမှ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးရှေ့အထိ လေးမိုင်အကွာအဝေးအားလည်းကောင်း၊ ကျောင်းသူများကို ရွာသစ်ကျေးရွာမှ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့ နှစ်မိုင်အကွာအဝေးကိုလည်ကောင်း တာဝေးအပြေးပြိုင်ပွဲကျင်းပရာ ကျောင်းသား ၁၀၁ ဦးနှင့် ကျောင်းသူ ၇၂ ဦး ပါဝင်ယှဉ် ပြိုင်ခဲ့ကြသည်။

ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း မီတာ (၁၀၀)၊ မီတာ(၂၀၀)၊ မီတာ (၄၀၀)၊ မီတာ (၁၅၀၀)၊ အလျားခုန်၊ အမြင့်ခုန်၊ သံလုံးပစ်၊ သံပြားပစ်နှင့် လမ်းလျှောက်ပြိုင်ပွဲများ ကျင်းပရာ မြို့နယ်အတွင်းရှိ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ တာဝေးအပြေးပြိုင်ပွဲနှင့် ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်ခရိုင်အားကစားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝမ်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီများက ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ပေးကြကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# အိုဇေးလ်ခြေစွမ်းပိုမိုတောက်ပလာရန် ဝင်းဂါးပံ့ပိုးပေးမည်



အမ်းမရိတ်စ်ဖလားပြိုင်ပွဲတွင် အာဆင်နယ်က လိုင်ယွန်အသင်းအား ခြောက်ဂိုး-ဂိုးမရှိ၊ ဝုဖ်ဘတ်အား တစ်ဂိုး-ဂိုမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဖလားဆွတ်ခူးခဲ့ရာ ထိုပွဲစဉ်နှစ်ပွဲ၌အကောင်းဆုံးခြေစွမ်းပြသခဲ့သော အိုဇေးလ်အားလာမည့်ဘောလုံးရာသီတွင် ခြေစွမ်းပိုမိုတောက်ပလာစေရန်ကူညီပေးသွားမည်ဟု အာဆင်နယ်နည်းပြဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

အိုဇေးလ်သည် ရီးယဲလ်၌ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း အာဆင်နယ်တွင် ရောက်ရှိနေသည့် နှစ်နှစ်တာကာလအတွင်း ဒဏ်ရာပြဿနာများကြုံတွေ့ခဲ့ရပြီး သူ၏ အကောင်းဆုံးပုံစံပျောက်ဆုံးနေခဲ့သည်။ သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီတစ်ဝက် ပြီးဆုံးချိန်တွင် အိုဇေးလ်ပြန်လည်ဝင်ရောက်ကစားနိုင်ခဲ့ပြီးနောက် အာဆင်နယ်၏ ရလဒ်များအတက်ဘက်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။

ဝင်းဂါးက လာမည့်ဘောလုံးရာသီ၌ အိုဇေးလ်အားဗဟိုကွင်းလယ်ကစားကွက်ဖန်တီးရှင်နေရာ၌ထား၍ အသုံးပြုနိုင်မည့် ၄-၂-၃-၁ကစားကွက်အား အသုံးပြုသွားမည်ဟု အစောပိုင်းက ပင်ပြောကြားထားပြီးဖြစ်သည်။

ထို့အပြင် ယင်းကစားကွက်နှင့် အာဆင်နယ်အသင်း တစ်သားတည်းကျကာ အလုပ်ဖြစ်ခဲ့သည်ကို အက်ဖ်အေဖလားဗိုလ်လုပွဲနှင့် ယခုကစားခဲ့သည့် အမ်းမရိတ်စ်ဖလားပွဲစဉ်နှစ်ပွဲလုံး၌ ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရသည်။

ဝင်းဂါးက အိုဇေးလ်၏လုပ်အားနှုန်းကို ယခုထက်ပိုမိုရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ အိုဇေးလ်အနေဖြင့် လိုင်ယွန်နှင့်ပွဲစဉ်၌ ကိုယ်တိုင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သလို ဂိုးဖန်တီးမှုနှစ်ကြိမ်ထက်မနည်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ဆန်းချက်ဇ်နှင့် ဝဲလ်ဘတ်တို့ ဝင်ရောက်ကစားနိုင်လျှင်ယခုထက် တိုက်စစ်စွမ်းရည် ပိုမိုထက်မြက်လာဦးမည်ဖြစ်ကြောင်း၊ ၂၀၁၄ကမ္ဘာ့ဖလားပွဲစဉ်များကြောင့် အိုဇေးလ်ကဲ့သို့ ကစားသမားများစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နွမ်းနယ်မှုများကြုံတွေ့ခဲ့ရပြီး လိဂ်ပွဲစဉ်များ၏ရလဒ်များကို ထိခိုက်စေခဲ့ရကြောင်း ပွဲအပြီးတွင် ရှင်းလင်းပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**

# မင်္ဂလာဒုံမြို့နယ်တွင် ၁၃၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**နေပြည်တော် ဇူလိုင် ၂၇**

မင်္ဂလာဒုံမြို့မရဲစခန်းမှ လှည့်ကင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက်က မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံစက်မှုဇုန် (ဇေကမ္ဘာဝင်း) အိုးအိမ်(၆)လမ်းသွား လမ်းမပေါ်တွင် ယာဉ်အမှတ် 4G/----တပ်ဆင်ထားသည့် KIA BONGO အမျိုးအစား ကွန်တိန်နာဘောက်အဖြူရောင် ကိုယ်ပိုင်မော်တော်ယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၃၃၅၀၀၀ (၁၃၃ ဒသမ ၅ ဘီလီယံ)ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# CITY TAXI ယာဉ်အားစစ်ဆေးရာမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**ကျိုက်ထို ဇူလိုင် ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာလမ်းဆုံတွင် ဇူလိုင် ၂၅ရက်က CITY TAXIယာဉ်ပေါ် လိုက်ပါလာ သူတစ်ဦးထံမှ လက်နက်နှင့်ခဲယမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ည ၁၁ နာရီက စစ်တောင်းတံတားအသစ်နှင့် အဟောင်းလမ်းဆုံတွင် မော်လမြိုင်ဘက်မှလာသော ကိုယ်ပိုင်ယာဉ်နှင့်အငှားယာဉ်များအား စစ်ဆေးစဉ် ယာဉ်မောင်း မောင်မောင်လတ် (၃၈)နှစ် လှိုင်မြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်လာသော နစ်ဆန်းအေဒီဗင် BB/----- CITY TAXI (W-5085) အား စစ်ဆေးရာ မောင်မောင်လတ်ဘေးတွင်လိုက်ပါလာသော KNU/KNLA(PC) အမှတ်(၇၇၆) အထူးတပ်ရင်းမှ ဗိုလ်ကြီးအဆင့်ရှိ စောအောင်လင်း(ခ)ဘီလား မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေသူထံမှ ဒသမ ၃၈ စပယ်ရှယ် ကျည်လေးတောင့်၊ ထိပ်ဖူးမပါ ဒသမ ၃၈ ဗလာကျည်ခြောက်တောင့်နှင့် လက်ပစ်ဗုံးဖြစ်တစ်ခုနှင့် ဏ-၆၀၅၈၄ နံပါတ်ပါအမေရိကန်နိုင်ငံလုပ် ဒသမ ၃၈ စပယ်ရှယ် ခြောက်လုံးပြူး တစ်လက်(ကျည်မပါ) တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

# မိုးရာသီနွမ်းနေချိန် အမြန်လမ်းတစ်လျှောက် ယာဉ်များသတိပြုမောင်းနှင်ကြရန်လို

**ရေတာရှည် ဇူလိုင် ၂၇**

သစ်တောကြိုးဝိုင်းဒေသများကို ဖြတ်သန်းဖောက်လုပ်ထားသော အမြန်လမ်းပိုင်းတစ်လျှောက်တွင် တောင် နံရံများနှင့် ထိစပ်လျက်ရှိသည့်နေရာများ၌ သတိပြုမောင်းနှင်ရန်လိုအပ်သည်။

အမြန်လမ်းမကြီးတစ်လျှောက် နေ့စဉ်သွားလာလျက်ရှိသည့် ယာဉ်များသည် လမ်းဘေးဝဲ၊ ယာရှိ သတိပေး ဆိုင်းဘုတ်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာမောင်းနှင်မှုအားနည်းခြင်းနှင့် မိုးရာသီ ကာလ၌ ကွန်ကရစ်လမ်းများရေဝပ်၍ လမ်းချော်နိုင်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

"အမြန်လမ်းတစ်လျှောက်မှာ သတိပြုမောင်းနှင်နိုင်ရင် အကောင်းဆုံးပဲ။ စက်ကိရိယာဆိုတာ အချိန်မရွေး ယိုယွင်းနိုင်တယ်။ အရမ်းပင်ပန်းနေရင် နားလိုက်ပါ။ တစ်ရေးတစ်မော အိပ်လိုက်ပါ ဒါမှသာ အန္တရာယ်ကင်းကင်းနဲ့ လိုရာခရီးကို ရောက်နိုင်မှာပါ"ဟု ၎င်းက ဆက်၍ပြောသည်။

အမြန်လမ်းတစ်လျှောက် အချို့သောနေရာများတွင် ကျေးရွာဒေသခံများက လမ်းဖြတ်ကူးရန် နေရာများ ပြုလုပ်ထားခြင်းနှင့် စီးနင်းခွင့်မရှိသော ဆိုင်ကယ်များ သွားလာနေကြသည်များလည်းရှိကာ ရုတ်တရက် မျက်ကွယ်နေရာများမှ ထွက်လာနိုင်သော ကျွဲ/နွားများ အန္တရာယ်ကိုထည့်သွင်းစဉ်းစားသင့်ကြောင်း အဆိုပါယာဉ်မောင်းက ပြောပြသည်။ **ကိုလွင်(ဆွာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၇-၂၀၁၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၁)၌ပါရှိသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ်(၁၈)ဟု ခေါ်တွင်သော (ဥယျာဉ်ခြံမြေအမျိုးအစား) (၈၀'× ၂၀၀')အကျယ်ရှိ "New York" ရေသန့်စက်ရုံနှင့် "ရွှေလရောင်" တည်းခိုရိပ်သာလုပ်ငန်းများတည်ရှိရာ မြေနှင့်ပတ်သက်၍ တားမြစ်သတိပေး ကန့်ကွက်ခြင်းကြော်ငြာပါ "၂၀၁၄ ခုနှစ်ခန့်တွင်အစား ၂၀၀၄ ခုနှစ်ခန့်တွင်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။




**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ်(၁၈) ဟုခေါ်တွင်သော (ဥယျာဉ်ခြံမြေအမျိုးအစား) (၈၀'× ၂၀၀')အကျယ်ရှိ "NewYork" ရေသန့်စက်ရုံနှင့် "ရွှေလရောင်" တည်းခိုရိပ်သာလုပ်ငန်းများ တည်ရှိရာ မြေနှင့်ပတ်သက်၍ တားမြစ်သတိပေးကန့်ကွက်ခြင်း**

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆီချစ်[၁၂/ဥကတ(နိုင်)၁၂၃၀၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

အထက်အကြောင်းအရာပါ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ အသံလွှင့်ရုံလမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော မြေကွက်သည် လွန်ခဲ့သော ၁၉၈၆ ခုနှစ်ခန့်ကတည်းက ဒေါ်နှင်းဆီချစ်၏ ခင်ပွန်း (ကွယ်လွန်သူ-ဦးမိုးသူရလှိုင်)၏ စုဆောင်းထည့်ဝင်ငွေများကို အခြေတည်၍ ဦးမိုးသူရလှိုင်၏ အဘွား ဖြစ်သူ ဒေါ်မမလေး အမည်ဖြင့် အရပ်ကတိစာချုပ်အရ လွှဲပြောင်းဝယ်ယူခဲ့သော ပစ္စည်းဖြစ်ပါသည်။

အဆိုပါမြေပေါ်တွင် ဖခင် ဦးတင်လှိုင်၊ မိခင် ဒေါ်ခင်အေးမူတို့အတူ ဦးမိုးသူရလှိုင်က အိမ်ထောင်စုဝင်တစ်ဦးအဖြစ် နေထိုင်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်ခန့်တွင် ဦးမိုးသူရလှိုင်က ယင်းမြေပေါ်၌ "NewYork" ရေသန့်စက်ရုံနှင့် "ရွှေလရောင်" တည်းခိုရိပ်သာလုပ်ငန်းများကို မိမိ၏မိသားစုပိုင် စီးပွားရေးလုပ်ငန်းများအဖြစ် အဆောက်အအုံများတည်ဆောက်လျက် လက်ရှိထား လုပ်ကိုင်အသုံးပြုလာခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဇနီးဖြစ်သူ ဒေါ်နှင်းဆီချစ်အနေဖြင့် ကွယ်လွန်သူ ဦးမိုးသူရလှိုင်၏ တရားဝင်အမွေဆက်ခံသူဇနီးအဖြစ် အဆိုပါမြေနှင့်မြေပေါ်ရှိ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ပြီး လက်ရှိထား လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ကွယ်လွန်သူ ဦးမိုးသူရလှိုင်က ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော ပစ္စည်းဖြစ်ရာ ယင်းပစ္စည်းအပေါ် တရားဝင်ဆက်ခံပိုင်ဆိုင် စီမံခန့်ခွဲခွင့်ရရှိထားသူ ဒေါ်နှင်းဆီချစ်၏ အတိအလင်းသဘောတူခွင့်ပြုချက်မရရှိဘဲ မြေငှားဂရန်လျှောက်ထားရယူခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း ကြိုတင်တားမြစ် သတိပေးအပ်ပါသည်။ အကယ်၍ ဒေါ်နှင်းဆီချစ်၏ အကျိုးစီးပွားအပေါ် ဆန့်ကျင်ထိခိုက်စေသော ပြုလုပ်မှုများ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ | ဦးဇော်ဇော်နိုင်အောင် |
|---|---|---|
| **B.A(Eco), H.G.P,R.L,D.B.L** | **LL.B,Dip:in Business Law** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၄၉၃) | (စဉ်-၆၆၆၀) | (စဉ်-၂၅၄၇၄) |

အမှတ်(၁၅၈/ဘီ)၊ ၃-လွှာ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# လိုက်ထရပ်ယာဉ် ရှေ့ဘီးပေါက်ပြီး ဘာရီယာတုံးများအား ဝင်တိုက်မိ၍ ရှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၂၇/၇) နှင့်(၃၂၈/ ၀)ကြားတွင် ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ နေပြည်တော်သို့ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ပျားကျေးရွာနေ ရဲနိုင်ဝင်း(၃၇)နှစ် မောင်းနှင်လာသော 8H/---- လိုက်ထရပ် အဖြူရောင်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကာရံထားသည့် ဘာရီယာတုံးများအား ဝင်ရောက်တိုက်မိရပ်တန့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများ အနက် ယာဉ်မောင်း ရဲနိုင်ဝင်းနှင့် မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်နေ ဦးကံထွန်း (၅၃)နှစ်ပါ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ရှစ်ဦးတို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ရဲနိုင်ဝင်းအား ပြင်စည် အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထား ကြောင်း သိရသည်။

**(ကြေးမုံ)**

○○

# အောင်လံမြို့နယ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**အောင်လံ ဇူလိုင် ၂၇**

အောင်လံမြို့နယ်တွင် ဇူလိုင် ၂၅ ရက်က အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ စည်သူ (၃၄)နှစ် ကျီရမ်းကုန်းကျေးရွာ အောင်လံမြို့နယ်နေသူသည် နေအိမ်ရှိရေတွင်းသို့ မျက်နှာသစ်ရန်သွားစဉ် ရေတွင်းတွင်တပ်ဆင်ထားသည့် ရေမော်တာရှိ လျှပ်စစ်ဓာတ်ကြိုးမှဓာတ်လိုက်သဖြင့် ညောင်ပင်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကျော်ဇေယျ)**

# ချောင်းအတွင်း ရေချိုးနေစဉ်ရေနစ်သေဆုံး

**နေပြည်တော် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ယင်းချောင်းအတွင်း၌ ဇူလိုင် ၂၅ ရက် ညပိုင်းက သေဆုံးနေသည့် အမျိုး သမီးငယ်တစ်ဦး၏အလောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အရ သေဆုံးသူမှာ အဆိုပါကျေးရွာနေ မကလျာဖြိုး (၇)နှစ်ဖြစ်ပြီး ယင်းနေ့ ညနေ ၄ နာရီက ရွာအနောက်ဘက် အကျယ် ပေ၅၀ ခန့်၊ အနက် ခြောက်ပေခန့်ရှိ ယင်းချောင်းရေဆိပ်၌ မိခင်ဖြစ်သူ ဒေါ်လဲ့လဲ့ဝင်းနှင့်အတူ ရေချိုးနေစဉ် ရေစီးသန်မှုကြောင့် ရေစီးနှင့် အတူမျောပါကာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဝါးနှင့်နီးစပ်သော ကျေးလက်နေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်နိုင်ရန် ဝါးပညာရပ်ဆိုင်ရာ ပညာပေးသင်တန်း ဖွင့်လှစ်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၇**

မြန်မာနိုင်ငံသားများအနေဖြင့် ဝါး၏ အရေးပါမှုကို သတိပြုမိစေရန်နှင့် အသိပညာ ဗဟုသုတ မျှဝေဖလှယ်နိုင်ပြီး ဝါးနှင့်နီးစပ်သော ကျေးလက်နေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုဘဝကို မြှင့်တင်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဝါးချစ်သူများကွန်ရက်မှကြီးမှူး၍ ပုပ္ပားတောင်ချစ်သူများအသင်းက စီစဉ်ကျင်းပသော ဝါးပညာရပ်ဆိုင်ရာ ပညာပေးသင်တန်းကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ပုပ္ပားတောင်ချစ်သူများအသင်းနာယက ရွှေနဒီပရဟိတကျောင်းဆရာတော် ဦးယုဇနက ဝါးပညာရပ်ဆိုင်ရာသင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ဩဝါဒကထာမြွက်ကြားပြီး မြန်မာနိုင်ငံဝါးချစ်သူများကွန်ရက်ဥက္ကဋ္ဌ ဒေါ်ဒေဝီသန့်စင်က ဝါး၏အသုံးဝင်ပုံနှင့် ဝါးနှင့်ပြုလုပ်သည့်အသုံးအဆောင်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်တွင်ထိုးဖောက်နေရာယူမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝါးပညာရှင်များဖြစ်ကြသည့် ဒေါ်ခင်မေလွင် (သစ်တောသုတေသနအရာရှိ-ငြိမ်း) နှင့် ဦးအောင်စိုး (သုတေသန) တို့က ဝါးပင်၏ထူးခြားချက်များနှင့် ဝါးတစ်ပင်လုံးအသုံးပြုနိုင်ပုံ၊ ဝါးပင်မှ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ကမ္ဘာ့ဈေးကွက်တွင် ဝင်ရောက်နေရာယူနေမှုနှင့် ကုန်ကြမ်းအစားထိုး ဝါးပင်စိုက်ပျိုးနည်းများအကြောင်းကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ အိမ်တွင်းမှုလုပ်ငန်းအဖြစ် ဝါးလုပ်ငန်းနှင့် အသက်မွေးကြသောကျေးရွာများဖြစ်သည့် ရွာလု၊ ရွာလပ်၊ ရိုးခြား၊ ပေါက်သစ်၊ ကျောက်စစ်ကန်၊ ကြောင်းဒူးအစရှိသည့်ကျေးရွာများမှ ဒေသခံ ၆၀ တက်ရောက်လေ့လာကြပြီး သင်တန်းကို ဇူလိုင်၂၅ မှ ဇူလိုင် ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဝါးအချောထည်လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဝါးစိုက်ပျိုးနည်းများကို လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## သဘာဝဘေးနှင့် စားသုံးသူ ကာကွယ်ရေးပညာပေးဟောပြော

**ဆိပ်ဖြူ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပေတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သဘာဝဘေးအန္တရာယ်နှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများနှင့် ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးသူများ မစားသင့်သည့် အစားအစာများ၊ လှပစွာထုပ်ပိုးထားရှိသည့် အစားအသောက်ကုန်ပစ္စည်းများ စားသောက်မှုမပြုကြရေးနှင့်ကုန်ပစ္စည်းများဝယ်လျှင် သတိထားရမည့်အချက်များကို အသိပညာပေး ဟောပြောပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်မထသ(အဝေးပြေး) ပညာသင်ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ၏ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ရွှေပြည်တော်အဆင့်မြင့်ယာဉ်မောင်း သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်မထသ(အဝေးပြေး) ဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ယာဉ်အသင်းတာဝန်ခံများ၊ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရကျောင်းသားကျောင်းသူ ခုနစ်ဦးနှင့် ယာဉ်အသင်း ၃၀မှ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူနှင့်မူလတန်းမှ တက္ကသိုလ်အသီးသီးတို့ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ ၃၁၈ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

**(၅၈၆)**

## မိုင်းနောင်ရွာ ရေကြီးရေလျှံမှုဖြစ်ပွား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**မိုးညှင်း ဇူလိုင် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာတွင် ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ခေါင်းတုံးချောင်း ရေကြီးရေလျှံမှုဖြစ်ကာ ကျေးရွာအတွင်း ရေစီးဝင်မှုကြောင့် လူနေအိမ်များ ရေနစ်ခဲ့သော်လည်း ထိခိုက်မှု ဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် မိုင်းနောင်ရွာအောက်ပိုင်း ရွာမရပ်ကွက်ရှိ လူနေအိမ် ၃၅ လုံး၊ ချောင်းကမ်းနံဘေးရှိ လူနေအိမ် ၃၅ လုံး၊ ဆင်ဖြူဘိုတဲရပ်ကွက်ရှိ လူနေအိမ် ၃၀ စုစုပေါင်းအိမ်ခြေ ၁၀၀ ခန့်ရေနစ်ကာ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်မွေးတိရစ္ဆာန်များ အနည်းငယ်ပျက်စီးခဲ့သော်လည်း ထိခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း၊ အဆိုပါရေကြီးရေလျှံမှုဖြစ်ပွားရာသို့ မမုံကိုင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖ ဦးကြည်ဦးဆောင်သော ဒေသဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ စေတနာအလှူရှင်များက ရေနစ်ခဲ့သောအိမ်ထောင်စုဝင်များသို့ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကာ သောက်ရေသန့်ဘူးကြီး ၃၅ လုံး၊ ခေါက်ဆွဲခြောက်ဖာ ၁၀ ဖာတို့ကိုလှူဒါန်းခဲ့ကြသည်။

ယင်းနောက် စက်ယန္တရားများဖြင့်ခေါင်းတုံးချောင်း ရေစီးရေလာကောင်းမွန်ရန်နှင့် ပြန်လည်ပြုပြင်ရေးကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**


# နိုင်ငံကြီးသား ပီသစွာ အခွန်ထမ်းဆောင်တာ
# စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်

"ပြည့်ဝသစ္စာ ဈေးချိုသာ၍ လိုရာပြည့်တဲ့ သတင်း နှင့် ဝရိတ္တရာမှာဆို"
မုဒိတာ မှ မုဒိတာ
မုဒိတာသက်န်းတိုက် မှ ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသော "ဝါဆိုသင်္ကန်းများ" ဝယ်ယူလှူဒါန်းနိုင်ပါသည်။
အမှတ်(၅၇)၊ အထက်ကြည်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၅၅၃၂၊ ၀၁-၇၁၀၃၁၀၊ ၀၉-၇၃၁၀၄၂၄၀၊ ၀၉-၅၀၈၉၅၆

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ
ဒေရှူးမှမပျက်စေတော်မိုလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/ မင်္ဂလာဓမ်ကွန်း/ ဇာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ ကျပ်နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာပေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) ခြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့၊(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ ၃-ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ်(၁၃၃)(ခ)၊ ဒုတိယထပ်၊ (12½×51)ပေခန့်ရှိသော တိုက်ခန်းအား ပိုင်ဆိုင်ရောင်းချ ခွင့်ရှိသည်ဟုဆိုသူ ဦးကျော်ဝင်း[၁၂/ရကန(နိုင်)၀၅၈၆၉၆](ရွှေဆောက်လုပ်ရေး)ထံမှ ကျွန်မ ဒေါ်နွယ်နီအောင်မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ဒေါ်နွယ်နီအောင်[၇/ညလပ(နိုင်)၁၅၂၉၉၉]
ဖုန်း-၀၉-၄၂၅၀၃၁၂၁၁၊ ၀၉-၄၂၁၀၂၉၈၂၉

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ)မှ မအိဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် [၉/ပဘန(နိုင်)၁၄၅၁၂၆]ဖြစ်ပါသည်။

### ဝန်ထမ်းအလိုရှိသည်

၁။ စတိုစာရင်းကိုင်ကျွမ်းကျင် (နယ်မှဝန်ထမ်း ဦးစားပေးမည်)စရိတ်ငြိမ်း မ(၂)ဦး
၂။ Marketing ဝန်ထမ်း မ(၂)ဦး

ရန်ကုန်ဆက်သွယ်ရန်
ဖုန်း-၀၉-၇၈၈၃၉၄၈၉၉
နံနက် ၁၀နာရီမှ ညနေ၅နာရီအတွင်း






### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၅၇၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၇၀/ခ)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာ(ဒေါ်မြင့်မြင့်စိုး)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်တင်တင်မြ[၉/လဝန(နိုင်)၁၁၆၅၂၂]မှ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့ကိုတင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)


ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက်ပူဇော်ဆုတောင်းနည်းများ

ဂမ္ဘီရဆရာလှမျိုး (B.Sc) ရေးသားသော ရွှေတိဂုံစေတီတတော်မြတ်ကြီးနှင့်ရင်ပြင်တော်တစ်ဝိုက်ဘုရားစေတီများ အဓိဋ္ဌာန်ဝင်ပူဇော်ဆုတောင်းနည်းများစာအုပ်ထွက်ရှိလာသည်။ ယနေ့ထင်ပေါ်ကျော်ကြားနေသော ဆရာတော်ကြီးများ၊ လောကီဝိဇ္ဇာ၊ အရိယာဝိဇ္ဇာများအစဉ်အဆက်ဖူးမြော်ကြည်ညိုအဓိဋ္ဌာန်ဝင်ကျင့်ကြံအားထုတ်ခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အထူးအလေးထားပူဇော်ကြရန် တိုက်တွန်းထားသည်။ ရွှေတိဂုံစေတီတော် မြတ်ကြီးရှိနေသော အံ့ဖွယ်(၉)ပါး၊ ဘုရားလေးဆူပူဇော်နည်း၊ ကောလီချေခြင်း၊ မိတ်ဓာတ်ပုတီးစိတ်နည်း၊ ရွှေတိဂုံစေတီတော်မှ ဘိုးဘိုးကြီးများ၊ ထူးထူးခြားခြားခြေတော်ရာဘုရားအစရှိသည့် အကြောင်းအရာများကို တင်ပြထားသည်။ ဓမ္မဒါနလက်ဆောင်ပေးသင့်သော စာအုပ်ဖြစ်ပါသည်။

မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (၃၉)လမ်း(အထက်) ပထမထပ်(ဝဲ) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိ ထားပါသည်။



## ကောက်ကြောင်းဖွေရှာ သမိုင်းခြေရာစာအုပ်ထုတ်ဝေဖြန့်ချိ

ဣန္ဒာဆွေ၏ ကောက်ကြောင်းဖွေရှာသမိုင်းခြေရာစာအုပ်ထွက်ရှိလာသည်။ မြန်မာနိုင်ငံရှိရှေးဟောင်းမြို့များ၏ သမိုင်းကြောင်းခြေရာကို ကောက်ကြောင်းရှာဖွေလေ့လာကြည့်သောအခါ အချိန်ယန္တရားကာလ သုံးပါးဖြင့် ပိုင်းခြား၍ လေ့လာသင့်သည်ဟု ယူဆပါသည်။

ထိုအချိန်ယန္တရားကာလသုံးပါးတွင် ပေါ်ထွန်းခဲ့သော ရှေးဟောင်းမြို့များမှာ လွန်ခဲ့သည့် နှစ်ပေါင်း (၃၀၀၀ကျော် ၄၀၀၀)အဝေးအတိတ်ရှေးဟောင်းကာလကပေါ်ထွန်းခဲ့သော သင်းကွဲ(ခေါ်)တကောင်းမြို့၊ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀ မှ ၃၀၀၀ အတွင်း)မနီးမဝေးအတိတ်ရှေးဟောင်းကာလက ပေါ်ထွန်းခဲ့သော (ရသေ့မြို့)သီရိခေတ္တရာ (သရေခေတ္တရာ)မြို့နှင့် လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀၀ မှ ၂၀၀၀)အထိ အနီးအတိတ်ရှေးဟောင်းကာလက ပေါ်ထွန်းခဲ့ သော အရိမဒ္ဒပူရ(ခေါ်)ပုဂံမြို့၊ ထိုရှေးဟောင်းမြို့သုံးမြို့၏ သမိုင်းကွင်းဆက်နှင့်သမိုင်းဟောင်းခြေရာကို ကောက်ကြောင်းဖွေရှာလေ့လာ၍ စာရေးသူဣန္ဒာဆွေက ရေးသားတင်ပြထားပါသည်။

စူးစမ်းလေ့လာဖော်ထုတ်သုတေသနပြုထားသော သမိုင်းအထောက်အထားအချက်အလက်များ၏ အားထားလောက်အောင် ခိုင်မာကြောင်းကို အရှင်ပဏ္ဍိတနန္ဒ(တကောင်း) (သုတေသီ-မင်းဟန်-မန်းတက္ကသိုလ်၊ ရှေးဟောင်းဘာသာရပ်ဖြင့် ဘွဲ့ရပြီးသူ)က ဝေဖန်သုံးသပ်ဖြည့်စွက်၍ အမှာစကားရေးသားသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဣန္ဒာဆွေ၏ ဆောင်းပါးများကို စာအုပ်အဖြစ်ရိုက်နှိပ်ထုတ်ဝေကာ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က တာဝန်ယူဖြန့်ချိပါသည်။ စာအုပ်နှင့်အတူ မြန်မာ့တကောင်း၊ ပျူတကောင်းတေးသီချင်း DVD တစ်ချပ်လက်ဆောင်ပါးထားသည်။ (တန်ဖိုး-၁၅၀၀ကျပ်)



## အမြင့်ဆုံးမှတ်နှင့် အခြားဆောင်းပါများစုစည်းမှု


စာရေးသူအောင်အောင်(IR) ၏ မြင့်ဆုံးအမှတ်နှင့် အခြားဆောင်းပါးများ စုစည်းမှုစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ပညာရေး ၊လူမှုရေး၊ နိုင်ငံရေးဟူသော ကဏ္ဍသုံးခုခွဲ၍ ဖော်ပြထားသည်။ စုစုပေါင်းဆောင်းပါး ၅၉ ပုဒ်ပါရှိသည်။ "အပြောင်းအလဲကို လိုချင်ရင်ကိုယ်တိုင်ပြောင်းလဲဖို့လိုတယ်။ ပြောင်းလဲနိုင်ဖို့ စဉ်းစားတွေး ခေါ်ရမယ်၊ ပြောင်းလဲနိုင်တဲ့ ဝန်းကျင်ဖန်းတီးရမယ်"ဟု မြန်မာသစ် ဆောင်းပါးတွင်ဖော်ပြထားသည်။

အကောင်းဆုံးနိုင်ငံရေးဟူသော ဆောင်းပါးတွင် "မြန်မာနိုင်ငံမှာ ဝမ်းနည်းစရာကောင်းတာက ခေါင်းဆောင်ကောင်းတွေရှိပါလျက် နောက်လိုက်ကောင်းတွေနည်းနေတာဖြစ်တယ်။ အဲဒီလိုနောက်လိုက်ကောင်းတွေနည်းနေတာ ခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်" ဟူ၍ပွင့်ပွင့်လင်းလင်းရေးသားထားသည်။

စာရေးသူသည် လူငယ်များ မည်သူ့ကိုမှအားမကိုဘဲ ကိုယ့်အားကိုယ်ကိုးရန် တွန်းအားပေးထားသည်။ 7 Day News၊ The Voice၊ Myanmar post၊ The Myanmar Post၊ Gobal၊ The Myanmar Review နှင့် သတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ယခုတစ်ပတ်အတွက် လက်မလွှတ်စတမ်းဖတ်ရှုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။


စာအုပ်ကို မျိုးဆက်သစ်စာပေ အမှတ် (၃၄)-၄လွှာ၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့မှ တန်းဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားပြီး ဖုန်း ၀၉-၄၂၀၀၈၃၆၈၈၊ ၀၉-၄၂၀၂၂၂၉၆၂ သို့ဆက်သွယ်ဝယ်ယူနိုင်သည်။



## ဉာဏ်ရည်ထက်မြက်စေမည့် ပျော်ရွှင်စရာကစားနည်း

ဦးထွန်းကျော်ပြုစုသော ဉာဏ်ရည်ထက်မြတ်စေမည့် ပျော်ရွှင်စရာကစားနည်းများစာအုပ်ထွက်ရှိလာပါသည်။ ဘယ်ကစားနည်းမဆို လေ့ကျင့်ရာမှ စဉ်းစားတွေးခေါ်မှုနဲ့အတူ ကလေးတို့ရဲ့ ဦးနှောက်စွမ်းရည်လည်း မြင့်တက်လာနိုင်ပါတယ်။ ဤစာအုပ်လေးတွင် ဒိုးပြားရွှေ့ကစားနည်း၊ စက္ကူအရုပ်ခေါက်နည်း၊ ချိုးခေါက်လေ့ကျင့်လုပ်ဆောင်နိုင်သည့် အရုပ်များ၊ ဂဏန်းများထည့်သွင်းကစားနည်းများ၊ ပဟေဠိပုစ္ဆာများအစရှိသည်တို့ပါဝင်ပါသည်။ သူငယ်ချင်းတွေနဲ့ အဖွဲ့လိုက်ကစားနည်းများပါဝင်တာမို့ ခင်မင်မှုတွေတိုးပွားပြီး အချင်းချင်းရိုင်းပင်းကူညီစိတ်တွေတိုးပွားလာကာ မှတ်ဉာဏ်စွမ်းရည်တွေတိုးတက်လာမည်ဖြစ်ပါသည်။

မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း အထက် ကျောက်တံတားမြို့နယ် ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်းဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားပါသည်။



## သစ္စာရှိတဲ့ ကြောင်ကလေးနှင့် အခြားဂျပန်ပုံပြင်များ စာအုပ်ထွက်ရှိ

စာရေးသူဇင်၏ သစ္စာရှိတဲ့ကြောင်ကလေးနှင့်အခြားဂျပန်ပုံပြင်များ စာအုပ်ထွက်ရှိလာသည်။

ဘုးလေးရာ ဖရုံဆင့်၊ အနီရောင် ဖိနပ်ရှည်ကြီးနဲ့ ငါးခူဘိုးဘိုး၊ မူကြိုကျောင်းသားလေး၊ ထူးဆန်းလှတဲ့ ကျွန်း၊ ခြင်နှင့်ခြသေ့်၊ ကြွားဝါစိတ်၊ လောဘကြီးတဲ့ခွေး၊ မျောက်ကလေးတွေနဲ့ ဘိုးရှိယစံ၊ လိပ်ပြာကလေးပိုင်ပိုင်၊ ရောဂါပိုးမွှားများ၊ မြောက်ရဲ့ အမြီးဘာကြောင့်တို၊ ယုန်ကလေးနဲ့ ခွေးတူ ဝက်တူစသည့် ပုံပြင် ၃၁ ပုဒ်ပါရှိသည်။

မြောက်ရဲ့အမြီးဘာကြောင့်တိုဟူသောပုံပြင်တွင် မျောက်၏ အမြီးသည် အရင်ကအလွန်ရှည်ကြောင်း၊ ဝက်ဝံငါးဖမ်းစားသည်ကို မြင်တွေ့ရာမှ ရှည်လျားလှသော အမြီးကို ရေထဲ တွဲလောင်းချထားကြောင်း၊ သို့သော် အအေးဒဏ်ကြောင့် ရေများအေးခဲသွားပြီး အမြီးရေခဲပြင်တွင် နစ်နေကြောင်း၊ ဇွတ်အတင်းဆွဲယူသည့်အတွက် အမြီးပြတ်သွားပြီး တိုသွားကြောင်း၊ အမြီးကိုဆွဲယူစဉ်က အားသွန်ခွန်စိုက် အင်အားအပြည့်သုံးခဲ့၍ မျောက်၏ မျက်နှာနီနေကြောင်းကို ယုတ္တိရှိရှိ ဖော်ပြထားသည်။

စာအုပ်ကို ရန်အောင်စာပေက တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်းသိရသည်။

# အထူးအထွက်ကောင်း ပုလဲသွယ် နွေစပါး စံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း ၂၅၀ကျော်ထွက်ရှိ



**ပုသိမ်ကြီး ဇူလိုင် ၂၇**

၂၀၁၄-၂၀၁၅ နွေးစပါးရာသီတွင် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သမ္မတော ကျေးရွာအုပ်စုရှိ တောင်သူဦးမျိုးသန့်၏ အထူးအထွက်တိုး ပုလဲသွယ် နွေစပါး ၂၅ဧက စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီက ကွင်းအမှတ် ၅၄၃ တွင် ကျင်းပရာ အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးကြင်မောင်၊ မန္တလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ မန္တလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်လှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးဦးညီညီနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း နွေစပါး စိုက်ဧကပေါင်း ၂၀၇၉၁ဧက စိုက်ပျိုးခဲ့ပြီး ပုလဲသွယ် စိုက်ဧက ၃၅၆၅ ဧကကို စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ယခုရိတ်သိမ်းသောတောင်သူ ဦးမျိုးသန့်၏ အထူးအထွက်တိုး ပုလဲသွယ် စံကွက်သည်တစ်ဧကအထွက်နှုန်း ၂၇၅ ဒသမ ၇၅တင်း ထွက်ရှိကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း မနောသုခ၊ ရွှေသွယ်ရင်၊ ဆင်းသုခစပါးများနှင့်အတူ ပုလဲသွယ်စပါးမျိုးများကို ယခုနှစ်နွေစပါး ရာသီတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ဆရာကလည်း ကြံကြံဖန်ဖန် ရယ်စရာပြောတယ်" ဟုမှတ်ချက်ရ၏။

"ရယ်စရာပြောတာ မဟုတ်ဘူး မတင်စန်း၊ ဒီသဘောက မြန်မာပညာတချို့မှာ တကယ်ဖြစ်နေတာ၊ မြန်မာစကားတစ်ရပ်ရဲ့ အခြေအမြစ်ကို ရှာချင်ရင် ပါဠိတို့ သင်္ကရိုက်တို့ထဲမှာပဲ လိုက်ရှာကြတယ်၊ မတွေ့ရင်တောင်မှ နီးစပ်ရာပါဠိ၊သင်္ကရိုက်ကနေ ဇွတ်ဆွဲယူပြီး ဝိဂြိုဟ်ပြုအနက်ဖွင့်ကြတာပဲ၊ အမှန်ကမြန်မာရဲ့ညီအစ်ကိုတွေဖြစ်တဲ့ ကချင်၊ ချင်း၊ မွန်၊ ရှမ်းတို့ရဲ့စကားတွေမှာသာ အရင်ရှာဖို့သင့်တာ"

ဦးမြသန်းကမူရယ်ရင်းက ထောက်ခံသည်။

"ဆရာ ပြောတာမှန်ပါတယ် ဆရာ။ ဒါကြောင့်လည်း အခုကျွန်တော်တို့ မြန်မာစာဌာနဟာ မြန်မာစာဌာနလို့ အမည်ခံထားပေမယ့် တိုင်းရင်းသားဘာသာတွေပါ ထိထိရောက်ရောက် လေ့လာနိုင်အောင် ကြိုးစားနေပါတယ်။ ဆရာလည်း သိပြီးရောပေါ့"

ကိုသက်ခိုင်က ခေါင်းညိတ်၏။

စကားစ ခေတ္တပြတ်သွားကြသည်။ စကားစ ပြတ်သွားစဉ် ကိုသက်ခိုင်က မောင်စောနောင်တို့အား လှမ်းကြည့်သည်။

စောစောကမိမိဘာသာ စကားကောင်းနေစဉ်ကမူ သတိမပြုမိ။ ယခုသတိပြုမိခါမှ မောင်စောနောင်နှင့် မမြင့်ဝေတို့မှာလည်း တစ်စုံတစ်ရာကို အကြိတ်အနယ်ပြောဆိုနေကြမှန်း တွေ့ရသည်။

ကိုသက်ခိုင်တို့ ရပ်နေရာမှာ တံတိုင်း၏ ဗဟိုခန့်တွင်ဖြစ်၏။ မောင်စောနောင်၏ မမြင့်ဝေတို့ ရပ်နေရာကား တံတိုင်း၏ လက်ယာဘက်အစွန်ထောင့်နား၌ဖြစ်၏။

စောစောကမူ ဘာတွေပြောဆိုနေကြသည်မသိ။ ကိုသက်ခိုင်သတိပြုမိချိန်၌ မောင်စောနောင်၏အသံသည်ပေါ်လာ၏။ အသံ၌ မခံချင်မှုရော၍ ဒေါသဟုန်ပါသောကြောင့် ကိုသက်ခိုင်ကြားသာရုံကျယ်နေ၏။

"ခက်တယ် မမြင့်ရာ. . . သိပ်ခက်တာပဲ၊ ကျွန်တော်က မလိမ္မာလို့ ဘာတွေလုပ်နေလို့လဲ"

မမြင့်ဝေက တစ်စုံတစ်ခုပြန်ပြောသည်။ သို့ရာတွင် တိုးတိုးပြောသည်ဖြစ်သောကြောင့် ကိုသက်ခိုင်မကြားရ။

ကိုသက်ခိုင်က ဦးမြသန်းနှင့်မတင်စန်းတို့ကို ကြည့်မိ၏။ ဦးမြသန်းနှင့်မတင်စန်းတို့က လှုပ်ရှားမှုကင်းသောမျက်နှာထားများနှင့် မင်းဘူးဘက်ကမ်းသို့ လှမ်းငေးနေကြ၏။ အမှန်စင်စစ်မှာ လှမ်းငေးနေကြခြင်းမဟုတ်။ မျက်နှာလွှဲထားကြခြင်းသာဖြစ်မည်။ မောင်စောနောင်၏ စကားကိုလည်း ကြားကြမည်ပင်ဖြစ်သည်။ ဤအဖြစ်မျိုးကို ကြုံဖူး၊ တွေ့ဖူးသောဟန်လည်း ပေါ်နေကြ၏။ သူတို့နှစ်ဦး၏ အမူအရာကို ကိုသက်ခိုင်က ဤသို့လျှင်ရိပ်စားမိသည်။ မောင်စောနောင်၏ အသံပေါ်လာပြန်လေသည်။

"ဩော်. . . သနားလို့. . . ဟဲဟဲ၊ မသနားပါနဲ့ မမြင့်ရယ်၊ ဒီလိုပြောစတမ်းဆိုရင် မမြင့်တို့ကိုလည်း ကျွန်တော်က ပြန်သနားမိတယ်၊ ကုန်ကုန်ပြောမယ်လေ၊ ကြိုးတော့ ကြိုးစားနေတာပဲ၊ ဒါပေမဲ့ မမြင့်တို့ အထင်ကြီးနေတဲ့ တက္ကသိုလ်က ဘွဲ့မရရင်လည်း ကျွန်တော်ဝမ်းမနည်းပါဘူး"

ဤအချိန်အထိ မမြင့်ဝေသည် တံတိုင်းပေါ် လက်ထောက်၍ ခေါင်းကလေးငုံ့လျက်ရှိနေ၏။ သို့ရာတွင် မောင်စောနောင်၏ နောက်ဆုံးစကားကြောင့် ကိုယ်လေးမတ်လာ၏။ မောင်စောနောင်၏မျက်နှာကို ကြည့်ပြောရန် ခေါင်းလည်းငဲ့လာ၏။ ခေါင်းငဲ့စဉ်တွင် မျက်လုံးများက ကိုသက်ခိုင်ကို လှမ်းမြင်သွားသည်။

ကိုသက်ခိုင်က လျင်မြန်စွာပင် ဦးမြသန်းတို့ဘက်သို့ လှည့်ပြီးရယ်မောဆိုသည်။

"စကားကောင်းလိုက်ကြတာနဲ့ ဆရာလုပ်ချင်တာလေးတွေ မလုပ်မိသေးဘူး ကဲ ကဲ. . ."

"ဘာလုပ်ချင်တာလဲ ဆရာ"

ဟု ဦးမြသန်းက မေးသည်။

"ဩော်. . မြသလွန်ပေါ်ကနေ ကြည့်လို့မြင်ရတဲ့ ရှုခင်းကို ဓာတ်ပုံရိုက်ထားသလို အသေးစိတ်မျက်လုံးထဲမှာ မှတ်မိအောင် ကြည့်မလို့ပါ"

ဦးမြသန်းက ရယ်ပြီးမေး၏။

"ဘာလဲ ဆရာ. . . နောက်ဝတ္ထုတစ်ပုဒ်ရေးရင် ဖော်ပြနိုင်အောင်လို့လား"

"ဟုတ်တယ်ကွဲ့၊ အဲဒီလောက် အပင်ပန်းခံမှတ်ထားတာတောင်မှ မှတ်ဉာဏ်ဆိုတာ ရွှေ့တတ်တော့ တစ်ခါ တစ်လေ အမှားတွေပါသွားတာကို စာဖတ်ပရိသတ်က ထောက်ပြမှ သတိပြုမိတယ်"

"ဆရာ့ နောက်ဝတ္ထုက ဘာအကြောင်းလဲ ဆရာ"

ဟု မတင်စန်းက စုံစမ်းသည်။

"အဲ. . ဘယ်လို ပြောရပါ့မလဲ၊ နေဦး. . အင်း. . . စဉ်းစားမိပြီ၊ ဘောကျော် ဘောသောနဲ့ သူတို့ရဲ့ နှမအကြောင်းပဲ မတင်စန်း"

ကိုသက်ခိုင်သည် စကားကို ဖြတ်လိုက်ပြီး နေရာမှခွာ၍ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်၏။

ပထမ တောင်ဘက်တွင် အရှေ့ဘက်သို့ ကွေ့ဝင်ချိုးသွားသော မြစ်၏လမ်းစဉ်၊ ထိုနောက်မြစ်၏ တစ်ဖက် ကမ်းရှိ မင်းဘူးဆီ၊ အဆုံး၌ မြစ်ရေပြာပြာ သဲသောင်ဝါဝါနှင့် စိမ်းမှောင်မှောင် ကိုင်းခင်းများကို ဝိုက်ဝေ့ဖြတ် သန်းပြီး မြောက်ဘက်ဆီ. . .။

ကိုသက်ခိုင်၏မျက်လုံးမျာက အရှိန် ရုတ်တရက်တန့်ကာ ထိုးဆိုက်ရပ်သွား၏။ နှလုံးသည်လည်း ပြင်းစွာတစ်ချက်ခုန်ပြီး စက္ကန့်ပိုင်းမျှ ရပ်သွားသည်။ လူမှာလည်း မလှုပ်. . . မလှုပ်. . . မလှုပ်. . .။

တံတိုင်း၏ အစွန်ထောင့်၌ ရွယ်သည်ဟုဆိုရမည့် မောင်စောနောင်နှင့်မမြင့်ဝေတို့သည် အကြိတ်အနယ်ပြန်လည်ဆွေးနွေးနေကြဟန်တကား။ တံတိုင်း၏အပြင် ဘုရားကုန်းတော်၏တစ်ဖက် အတန်ငယ် နိမ့်ရာ၌ အရွက်စိပ်၍ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်ရှိသည်။ ပင်စည်ကို ခေါင်းမှီးရင်းလုံမပျိုတစ်ဦးက ထိုင်နေ၏။ လုံမပျို၏ လက်တွင် ဖွင့်လှန်ထားသော စာအုပ်တစ်အုပ်ကို ကိုင်ထားသည်။ လုံမပျို၏ မျက်လုံးများက စာအုပ်ပေါ်တွင် မစူးစိုက်၊ လည်တိုင်လေးကို ဆန့်၍ မျက်နှာလေးကို မော့ရင်း မြစ်တစ်ဖက်ကမ်းသို့ ငေးကြည့်သယောင်ရှိနေ၏။ လုံမပျို၏ဘေးတွင် ထိုင်ရင်းလုလင်ပျိုတစ်ဦးက မျက်နှာကို လုံမပျို၏နားအနီး ကပ်၍ တတွတ်တွတ်ပြောနေသည်။ နှလုံးသား၏ ဘာသာကို စကားသင်စ လေ့ကျင့်နေဟန်တကား။ သူတို့ ကို လွန်လျှင်မူ ပန်းချီကားက ပိုမိုပြည့်စုံလာသည်။

မြစ်ကမ်းပါးထိပ် မြေကမူတစ်ခု၏ အစွန်း. . . သစ်ရိပ်အောက်၌ ယောကျ်ားတစ်ဦးက ကိုယ်ကို ကိုင်းရင်း လက်တစ်ဖက်နှင့် အနောက်ဘက်သို့ ညွှန်ပြ၍ ရှင်းလင်းပြောဆိုနေဟန်တကား။ သူ့လက်တစ်ဖက်က သမီးဟု သိသာနိုင်သော ကလေးငယ်တစ်ဦး၏ ပခုံးကို ယုယစွာ အသာအယာ ဆုပ်ကိုင်ထား၏။ သမီးငယ်သည် ဖခင်ပြောပြရာကို နားလည်သည်လော၊ နားမလည်သည်လော မသိ။ မည်သို့ပင်ဖြစ်စေ ဖခင်ညွှန်ပြရာကို မတ်တတ်လေး ရပ်ရင်း စိတ်ဝင်စားစွာဖြင့် လှမ်းကြည့်နေ၏။ ကလေး၏အနီး၌ မိခင်အရွယ်ရှိ မိန်းကလေးတစ်ဦး က ဒူးမကွေးတကွေးနှင့် ခြေဆင်း၍ ထိုင်လျက်ရှိသည်။ ထိုမိန်းကလေးက မကွေးတကွေးရှိသော ဒူးများကို လက်ဖဝါးချင်း ယှက်၍ အားပြုဝန်းဝိုက်ထားသည်။ပခုံးတစ်ဖက်ပေါ်တွင် မူ သမီးငယ်၏ လက်ကလေးတစ်ဖက်သည် အားယူထောက်ပြုထား၏။

ထိုမိန်းမသား၏ မျက်လုံးများက အဝေးသို့ ငေးကြည့်နေ၏။ မှန်သည်။ အဝေးသို့ . . မင်းဘူးမြစ်ကမ်းဆီလည်း မဟုတ်။ မင်းဘူးမြို့ အနောက်ဘက်မှ တောင်တန်းပြာပြာများဆီသို့လည်း မဟုတ်။ အဘယ်ဆီသို့ နည်း. . အဝေးသို့. . အဝေးသို့. . ဟို အဝေးသို့. . ကာယကံရှင်သာ ထိုအဝေကို သိနိုင်လိမ့်မည် ထင်သည်. . ထင်သည်။

ထိုမိန်းမသား၏ အသားက ဝါသည်၊ဝင်းသည်၊ ကြည်သည်၊ လဲ့သည်၊ အထူးခြားဆုံးကား . . သဘာဝ အတိုင်း ခွေသော. . နွယ်သော. . ပိတုန်းရောင်ဆံပင်တို့သည် ပယင်းရွှေရည် ပွတ်လဲ့ကြည်သော နဖူးလှလှ ထက် ညွတ်လျှောကျနေခြင်းပင်တည်း. . . ပင်တည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန်(မြန်မာကျပ်ငွေဖြင့်) တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1(a) | R.O Membrane (Part No-8222 HR-400) | 54 Nos |
| (b) | Main Shaft(Model No.LRA 650 425SS) | 1 No |
| (c) | Fan Blade (Model N0.59/07/H3/6700) | 1 Set |
| (d) | Universal Cup (Membrane Tube end Cup For Model-BEL 8-S-450RO 8 INCH DIAMETER) | 2 Nos |
| 2(a) | $CO_2$ Analyzer AO 2020 | 1 No |
| (b) | Oil Separator Kit (Part No.2906 0752 00) | 6 Sets |

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၃-၈-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၈-၂၀၁၅ရက်၊ ၁၃း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂျာမန်ဘာသာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဂျာမန်ဘာသာကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို Mandalay Oriental House တွင် ၁-၈-၂၀၁၅ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အာစရိယပူဇော်ပွဲတွက် အလှူငွေ များကို အောက်ပါလူများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| မထူးမြတ်ခင် (၀၉-၄၂၀၀၄၀၃၂) | မမေဘရဏီကျော် (၀၉-၉၁၀၂၅၆၆၁) |
| မမေသန့်စင် (၀၉-၂၀၁၈၀၂၆) | မသက်စုရည် (၀၉-၂၅၉၀၆၃၇၂၅) |
| ကိုအာကာမြင့်မောင် (၀၉-၂၀၀၄၀၃၂) | မမြမြင့်သူ (၀၉-၄၀၀၄၂၅၆၂၆) |
| ကိုထက်အောင်ကျော် (၀၉-၂၀၂၂၁၂၆) | မရွှေစင်ထက်လွင် (၀၉-၆၈၀၇၇၅၅) |
| ကိုအောင်နွေဖြိုး (၀၉-၉၁၀၄၀၀၅၂) | ကိုအောင်မျိုးဦး (၀၉-၂၀၃၂၈၈၃) |




# အင်းတော်ကြီးအင်း ရေကြီးရေလျှံနေ၍ စပါးစိုက်ပျိုးရန် ရေကျချိန်ကို တောင်သူများ စောင့်ဆိုင်းနေရ



**မိုးညှင်း ဇူလိုင် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်းတော်ကြီးအင်း ရေကြီးရေလျှံမှုဖြစ်ကာ အင်းအနီးပတ်လည်ရှိ လယ်မြေများ ရေဖုံးလွှမ်းမှုများကြောင့် လယ်မြေဧက ၂၀၀၀ ကျော်ခန့်တွင် စပါးစိုက်ပျိုးရန်အတွက် ရေကျချိန်ကိုသာ တောင်သူများ စောင့်ဆိုင်းနေရကြောင်း သိရသည်။

အင်းတော်ကြီးဒေသတွင် ဇူလိုင် ၁၅ ရက်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ချောင်းအသီးသီးမှစီးဝင်ကြသောရေများသည် အင်းအတွင်းသို့ အစဉ်မပြတ်စီးဝင်လျက်ရှိရာ အင်းအတွင်း ရေများပြည့်လျှံနေချိန် ဇူလိုင် ၂၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြန်သဖြင့် အင်းဘေးပတ်လည်ရှိ စပါးစိုက်ပျိုးမည့် လယ်မြေဧက ၂၀၀၀ ကျော်ခန့် ရေဖုံးလွှမ်းခဲ့ရကြောင်း နန့်မွန်းရွာနေထိုင်သူ နန့်ပန်းကိုင်ကွင်းမှ တောင်သူတစ်ဦးက ပြောသည်။

"မိုးကဒီလထဲမှာ အဆက်မပြတ်ရွာနေတာမို့ ကျွန်တော်တို့ အင်းကမ်းနံဘေးကလယ်တွေ ရေလွှမ်းနေတာပါ။ ဒီနေ့ရွာတဲ့မိုးကြောင့် အင်းတော်ကြီးအင်းကို အမှီပြုလုပ်ကိုင်နေကြရတဲ့ တောင်သူတွေရဲ့ လယ်ယာမြေဧက ၂၀၀၀ ကျော် ရေနစ်နေပါတယ်။ ရေကျချိန်ရောက်မှ စပါးပြန်စိုက်ရမှာပါ။ တောင်သူတော်တော်များများက စပါးမစိုက်ရသေးလို့ အပျက်အစီးဆုံးရှုံးမှုမရှိသလောက်နည်းပါးပါတယ်။ ကျွဲ၊ နွားတွေကိုလည်း ရေလွတ်ရာနေရာကို ပို့ထားပါတယ်" ဟု အင်းတော်ကြီးအင်းကမ်းဘေးလယ်ယာလုပ်ကိုင်သူ လယ်ပုံလေးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

အင်းတော်ကြီးဒေသတွင်တောင်သူအများစုမှာ အင်းတော်ကြီးအင်းကိုအမှီပြုကာ လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်နေကြရပြီး ဆည်ရေသောက်သုံးမှုမှာလုံလောက်မှုမရှိသဖြင့် အများစုမှာ သဘာဝမိုးရေကိုသာ အဓိကမှီခိုအားထားနေရကြောင်း၊ ယင်းဒေသတွင် ကျေးရွာ အုပ်စု ၁၁ စု၊ ကျေးရွာပေါင်း ၄၃ ရွာရှိပြီး တောင်သူအများစုမှာ လက်တွန်းထွန်စက်များကို အဓိကထားအသုံးပြုလျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

# ရေနုတ်မြောင်း ရေသွယ်မြောင်းများ တူးဖော်ပြီးစီးနေ၍ စိုက်ပျိုးရေဖူလုံစွာရရှိ

**နတ်တလင်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်းရှိ ထိန်သေး၊ ပေါက်တန်း၊ ဂျင်းယားကုန်း၊ နွယ်ခွေစသည့်ကျေးရွာများရှိ လယ်သမားများသည် နတ်တလင်းမှ တာပွန်အထိ လမ်းဘေးဝဲ-ယာ ရေနုတ်မြောင်း၊ ရေသွယ်မြောင်းကို မိုးရာသီအမီ ဖောက်လုပ်ပြီးစီးသဖြင့် လယ်ယာမြေများ ပျိုးထောင်စိုက်ပျိုးရာတွင် ရေဖူလုံစွာရရှိနေကြောင်း သိရသည်။

နွယ်ခွေကျေးရွာတွင် ဇူလိုင် ၂၄ ရက်၌ ကောက်စိုက်နေသောလယ်မြေမှ လယ်သမားဦးစန်းလွင်က "ယခင်နှစ်တွေကဆိုရင် (ဝါခေါင်လမိုက် လယ်ကောစိုက်) ဆိုတဲ့အတိုင်း ဝါခေါင်လကုန်ခါနီးမှ ကုန်းလယ်တွေစိုက်ကြရတယ်။ စိုက်ချိန်နောက်ကျတော့ အထွက်နှုန်းလည်း မကောင်းဘူး။ တချို့လယ်သမားတွေက စပါးမစိုက်တော့ဘဲ ပဲဦးထိုးကြတယ်။ အခုလို ရေနုတ်မြောင်းဖောက်လုပ်ပြီးစီးသွားတော့ လယ်သမားတွေအားလုံး လယ်မြေကွက်ရှိသမျှ စပါးစိုက်ပျိုးနိုင်ကြတယ်။ လယ်စိုက်ပျိုးရေးလုပ်ငန်းကလည်း ရေကိုလိုသလိုအသုံးပြုနိုင်လေ စပါးအပင်ကောင်းအထွက်ကောင်းလေပဲ။ လိုအပ်တဲ့အချိန်မှာ ရေထည့်နိုင်ရမယ်။ မလိုအပ်တဲ့အချိန်မှာ ရေသွယ်ပေါက်ကို ပိတ်ထားရတယ်။ ဥပမာ ဓာတ်မြေဩဇာပက်တာတို့ ရိပ်သိမ်းခါနီးအချိန်တို့လိုပေါ့။ စပါးရိပ်သိမ်းတဲ့အချိန်မှာ လယ်မြေက ခြေနင်းခံနိုင်ရုံလောက်ဆိုရင် နောက်ထပ်ပဲထိုးဖို့ မြေမိတယ်။ အောက်အစိုဓာတ်ရှိလို့ ပဲပင်ပေါက်မြန်ပြီး ပဲအထွက်လဲကောင်းတယ်။ တချို့လယ်သမားတွေ မြေမမီလို့ ပဲမထိုးရဘူး။ ပြောရရင် စပါးမှာ အောင်ရေမရလို့ဘဲ။ ရေနုတ်မြောင်းရှိနေတဲ့အတွက် လယ်သမားတွေ စိုက်ပျိုးဖို့အဆင်ပြေတယ်။ ဆောင်ရွက်ပေးတာလည်း ကျေးဇူးတင်ပါတယ်"ဟုပြောပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က "တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရေအောင်ရေရရှိရေးအတွက် အခက်အခဲမရှိရလေအောင် ဆောင်ရွက်ထားပါတယ်။ မိုးရာသီမှာ မြို့ပေါ်ရေဖြင့် စိုက်ပျိုးနိုင်သလို ရပ်ကွက်တွေမှာလည်း ရေကြီးရေလျှံမှုမဖြစ်တော့ဘူး။ စပါးအောင်ရေရရှိအောင် တောင်ညိုဆည်မှ BDY-1 လက်တန်ခွဲ(ခ) ကတစ်ဆင့် အောင်ရေရရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အခုဖောက်လုပ်ထားရှိတဲ့ ရေနုတ်မြောင်းကို လမ်းနှစ်သွယ်သုံးနိုင်အောင် ဖောက်လုပ်ထားတာပါ။ ရေနုတ်မြောင်းကတော့ နတ်တလင်း-တာပွန် ကားလမ်းဘေးဝဲယာတစ်လျှောက် အနက် ၆ ပေ၊ မြေအောက်အကျယ် ၅ ပေ၊ အပေါ်အကျယ် ၁၀ ပေ ဖောက်လုပ်ပြီး ကားလမ်းကိုလည်း ဘောင်ချဲ့ပြီးဖြစ်အောင် လုပ်ဆောင်တာဖြစ်ပါတယ်" ဟု ပြောပြသည်။ **(၀၇၁)**

# တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ မန္တလေးဇုန်အုပ်စုပြိုင်ပွဲများ စတင်ကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးဌာနခွဲ) လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်ပေါင်းစုံ မန္တလေးဇုန်ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၂၃ ရက်မှစတင်၍ မန္တလေးတက္ကသိုလ် ဘောလုံးကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးဇုန်ဘောလုံးပြိုင်ပွဲသို့ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်၊ မန္တလာကောလိပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့မှ ကျောင်းသားများပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

ယခုပြုလုပ်သည့် မန္တလေးဇုန် ဘောလုံးပြိုင်ပွဲကျင်းပပြီးနောက် ဒုတိယအဆင့် ဇုန်အလိုက် ဘောလုံးပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မန္တလေးဇုန်၊ တောင်ကြီးဇုန်၊ မကွေးဇုန်၊မြစ်ကြီးနားဇုန်၊ မုံရွာဇုန် စုစုပေါင်းဇုန်ခြောက်ဇုန်မှ အားကစားသမားများ ယှဉ်ပြိုင်ကြပြီးနောက် အထက်မြန်မာပြည် တက္ကသိုလ် ကောလိပ်ပေါင်းစုံ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး ထူးချွန်အားကစားသမားများရွေးချယ်ကာ အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

Just Trust *Must* ယုံမှတ်လိုက်ပါ *Must* ကိုသာ

**ဦးကြည်စိုးသောင်း(ဆေးတက္ကသိုလ်)** M.A.(English),Dip.ELTM ၏

၁။ **မှန်းကြည့်ကြည့် - ရဲဆေးတစ်ခွက်**

အဘိဓာန်အားကိုးစရာမလိုတဲ့ အင်္ဂလိပ်စာဖတ်နည်းနှင့် အချိန်တိုအတွင်း ဝေါဟာရအသစ်များစွာ တိုးပွားစေနိုင်သည့်နည်းလမ်းများ။ ယခုအခါ စာဖတ်သူများ စိတ်ဝင်တစား ဝယ်ယူအားပေးနေတဲ့စာအုပ်။
ဒုတိယအကြိမ်။ ၃၅၀၀ိ။ **LOWER PRICE, BIGGER SIZE, BETTER QUALITY**

၂။ ပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် ဒီပလိုမာဝင်ခွင့်ဖြေဆိုမည့် ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာပညာရှင်အားလုံးအတွက် မရှိမဖြစ်နှင့် အရောင်းရဆုံး စာအုပ် ၂-အုပ်။

(1) **MEDICAL ENGLISH Practice Tests & Advice on How to Approach the Medical English Entrance Examination** ဒုတိယအကြိမ်၊ ၅၀၀၀ိ၊

(2) **TRIED & TRUSTED English Practice Tests for the Medical English Entrance Examination.** ဒုတိယအကြိမ်၊ ၆၅၀၀ိ၊

၃။ မြန်မာလူငယ်များ ကမ္ဘာ့လူငယ်များနှင့်ပခုံးချင်းယှဉ်ပြီး တွေးနိုင်၊ ရေးနိုင်၊ ပြောနိုင်၊ ဖတ်နိုင်ဖို့အတွက်နဲ့အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့အမြင်ကို ပြောင်းလဲပေးဖို့ ရည်ရွယ်တဲ့စာအုပ်။

**READING FOR PLEASURE (GLOBAL ISSUES)**
2-colour print, creamy paper ၂၀၀၀ိ၊

၄။ မဖတ်မဖြစ်မဟုတ်ပါဘူး။ ရသစာပေမွတ်သိပ်နေသူတွေအတွက်ပါ . . .
ကိုယ်နင်းလာတဲ့ **ဓက်ဘီးကလေး**ရဲ့ ကယ်ရီယာပေါ်မှာ ထိုင်လိုက်လာတဲ့ အမျိုးသမီးကလေးတစ်ယောက်ကို ချစ်မိလိုက်တာ

**သေချိန်အထိပါ...သေချိန်အထိနာ** ဝတ္ထုတို (၉)ပုဒ် ၁၀၀၀ိ၊

*Must* မှ ထုတ်ဝေသောစာအုပ်များကို အောက်ဖော်ပြပါ စာပေမိတ်ဆွေဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

ရန်ကုန် (1) TAB BOOK နှင့် နဂါးနီစာအုပ်ဆိုင်အားလုံး (2) အင်းဝ(ပန်းဆိုးတန်း) (3) အင်းဝ(လှည်းတန်း)
(4) ရာပြည့်(ပန်းဆိုးတန်း) (5) အရှက်သစ်(ဗိုလ်ချုပ်လမ်း) (6) ခေတ်သစ် (မဟာဗန္ဓုလ)
(7) ဝါးတန်း: Medical Books (8) Gold Medical Books (9) *Must* English Language Centre

မန္တလေး: (1) မမေဇွန်(ကိုယ်စားလှယ်) 09 253050918 (2) သက်ဝေစိုးစာပေ (3) DN 30

ပြည် (1) ဦးဇော်မျိုးသက် (ကိုယ်စားလှယ်) 09 252362313 (2) 'သရေခေတ္တရာ'ပန်းချီပြခန်းနှင့် အမှတ်တရပစ္စည်းဆိုင်

*Must* PUBLISHING HOUSE
၃၂(အေ)၊ ဒုတိယထပ်၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
09 504 3424, 09 731 52995, 09 730 99562

* ကြော်ငြာနှင့်အခြားဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းရောင်းချသူများ ဖုန်းဆက်ခြင်းသည်းခံပါ။

ပညာ မြည် ဝါ နှလုံး လှ
ရင်သွေးရတနာများ မွေးမြူသန့်စင်ရာ...

**DHS**
**Dagon High School**
**ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်း နှင့်ဘော်ဒါ**
(မူလတန်း၊အလယ်တန်း၊အထက်တန်း)

စာသင်ခန်းတစ်ခန်းလျှင်ကျောင်းသားဦးရေ(၂၅)ဦးသာ သီးသန့်ထားရှိသင်ကြားပေးပါသည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် – ကကက/၁၃/၁၉/၁၄၂

**သင်ကြားမည့် ဆရာကြီးဆရာမကြီးများ**
မြန်မာစာ - ဦးရွှေမိုး(ရွှေနဒီမြန်မာ)
အင်္ဂလိပ်စာ - ဒေါက်တာ ခင်သီတာဦး (Ph.D,Eng)
- ဦးဝေလင်းထွန်း (B.A,Eng)
သင်္ချာ - ဒေါက်တာ ညီညီ (Ph.D,Maths)
- ဦးကျော်ဇေယျာအေး (ဂုဏ်ထူးရသင်္ချာ)
ဓာတုဗေဒ - ဒေါက်တာ ခင်မိုးမိုး (Ph.D,Chem:)
ရူပဗေဒ - ပါမောက္ခ ဒေါက်တာ ဦးတင့်လွင် (ရွှေဗဟာ)
- ဦးကျော်စွာ (B.Sc(Hons),Phys)
ဇီဝဗေဒ - ဒေါ်ဝင်းသီဂီထွန်း (B.Sc(Hons),Zool)
ဘောဂဗေဒ - ဦးထွန်းမြင့်အောင် (B.Com,AA DEP)
- ဆရာဇော်(ဂုဏ်ထူးဘောဂ)

ခြံအမှတ်(၈၄)၊နဝရတ်နှင်းဆီလမ်း၊ရွှေပင်လုံအိမ်ရာအပိုင်း(၃)(Rose-Park-3)၊ရောဝတီဘဏ်အနီး၊မြောက်ဒဂုံ။
PHONE:-01-583 655, 09-731 21 329,09-51 70 881, 09-798 407123

**U Wynn Kyi Maung Challenging Courses of English**

1 The Analytical Approach to Grammar A to Z : Intensive Course
2 Translation plus Essay : Intensive Course

* တကယ့်အင်္ဂလိပ်စာကို အကုန်အစင် သင်ပေးသော ဤကဲ့သို့ကျောင်းမျိုး ရန်ကုန်မှာ လုံး၀ (လုံး၀) မရှိပါ

* တစ်ပွဲတိုးအင်္ဂလိပ်စာ (Spot English) နှင့် စာမေးပွဲဖြေဆိုရန်သက်သက် အင်္ဂလိပ်စာ (Exam-oriented English) တို့ကို မသင်ပါ။ တစ်သက်တာ အင်္ဂလိပ်စာ အကုန်အစင် (The ins and outs of English) ကို အောက်ပါပုဂ္ဂိုလ်တို့အတွက် ရည်စူး၍ CCA သင်ကြားနည်းဖြင့် အပြန်အလှန် အတတ် ဆွေးနွေးသင်ကြားသည်။

(၁) ပြည်ပ ပညာသင်ဆုလျှောက်ထားလိုသူများ၊
(၂) နယ်ဘက် စစ်ဘက် အဆင့်မြင့်ရာထူးကြီးများတွင် တာဝန်ထမ်းဆောင်နေသူများ၊
(၃) အင်္ဂလိပ်စာ ဆရာအဖြစ် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊

**1.8.2015 မှစ၍ တန်းခွဲသစ်များ စတင်မည်။**
၃၃ လမ်း (ဗိုလ်ချုပ်လမ်းထိပ်)၊ ခိုင်ရွှေဝါစားသောက်ဆိုင်အပေါ်ထပ်၊ ရန်ကုန်။
☎ : 09 431 223 60 ☎ : 01 584 997

# မပေါ့ဆသင့်သော သားအိမ်ခေါင်းကင်ဆာရောဂါ

**à ayufyuf**

**ယမန်နေ့မှအဆက်**

(ခက်ခက်ခဲခဲ ဆီးသွားရခြင်း) လေ့လာမှုမှတ်တမ်းများအရ သားအိမ်ခေါင်းကင်ဆာ ဝေဒနာရှင်များတွင် မြင်သာထင်သာရှိတဲ့ ရောဂါလက္ခဏာတစ်မျိုးကတော့ ခက်ခဲပင်ပန်းစွာ ဆီးသွားရခြင်းပဲဖြစ်ပါတယ်။ ဆီးကို အားစိုက်၍ ညှစ်ချနေရခြင်းဟာ ကင်ဆာတစ်ရှူးများ ဘေးသို့ပြန့်လာနေပြီဖြစ်တာကြောင့် ကုသမှုကို အမြန်ဆုံးခံယူသင့်ပါပြီ။

(ပုံမှန်မဟုတ်ဘဲ ဆီးသွားခြင်း) ဆီးရဲ့ ပုံမှန်အရောင်ဟာ ကောက်ရိုးအရောင်ကဲ့သို့ မဆိုသလောက် ဝါကျင့်ကျင့်လေးပါ။ မကြာခဏဆိုသလို ဆီးသွားခြင်း၊ ဆီးအိမ်မထိန်းနိုင်တော့ဘဲ ဆီးထွက်ကျခြင်း၊ ဆီးထဲမှာ သွေးပါခြင်းတို့ဟာလည်း သားအိမ်ခေါင်းကင်ဆာလက္ခဏာဟု မှတ်ပါလေ။

(တင်ပဆုံရိုးနာခြင်း) အသက်ကြီး၍ ခန္ဓာကိုယ်အလေးချိန်ပိုတဲ့ အမျိုးသမီးကြီးတွေမှာ တင်ပဆုံရိုးနာလေ့ရှိပါတယ် (သို့) ရာသီလာစဉ်မှာလည်း ဤကဲ့သို့နာလေ့ရှိပါတယ်။ ရံဖန်ရံခါမဟုတ်ဘဲ မကြာခဏဆိုသလို နာကျင်နေပါက(သို့) ရက်ရှည်နာကျင်လာပါက ဆရာဝန်ဖြင့် တိုင်ပင်ဆွေးနွေးပါ။ ရက်လကြာရှည် ခါးနာခြင်းကလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ပါတယ်။

(ကိုယ်အလေးချိန် ရုတ်တရက်ကျဆင်းခြင်း (သို့) ရုတ်တရက်အားနည်းခြင်း) တခြားရောဂါမျိုးတွေမှာလည်း ထိုလက္ခဏာမျိုးပြတတ်ပါတယ်။ သို့သော် သားအိမ်ခေါင်းကင်ဆာရောဂါဟာ ကျန်းမာတဲ့ သွေးနီဥပမာဏ အမြောက်အများကို လျော့ကျသွားစေတာကြောင့် ပင်ပန်းနွမ်းနယ်စွာခံစားရခြင်း၊ သွေးအားနည်းခြင်း၊ နုံးချိခြင်း၊ ကိုယ်အလေးချိန်း ထိုးကျသွားခြင်း၊ အစာစားချင်စိတ်မရှိခြင်း စတာတွေ ဖြစ်စေနိုင်ပါတယ်။


**သားအိမ်ခေါင်းကင်ဆာမဖြစ်အောင်**
**ကြိုတင်ကာကွယ်နည်း**

တကယ်တမ်းမှာတော့ သားအိမ်ခေါင်းကင်ဆာဖြစ်နေကြောင်းကို အလွယ်တကူ မသိနိုင်ပါဘူး။ ကင်ဆာ ပထမအဆင့်ရောက်မှသာ သိသွားကြတာမျိုးပါ။ သို့သော် သိပ်ပြီး မစိုးရိမ်ကြပါနဲ့။ အောက်ပါ ဆောင်ရန်ရှောင်ရန်နည်းများဖြင့် ကြိုတင်ကာကွယ်လို့ရပါတယ်။

(အသားစကိုစစ်ဆေးခြင်း) pap smears (ခေါ်) သားအိမ်ခေါင်းအစအနကိုထုတ်၍ အဏုစိတ်ကြည့်မှန်ပြောင်းဖြင့် စစ်ဆေးနည်းဖြစ်ပါတယ်။ ပျမ်းမျှ အသက် ၂၀ မှ ၃၀ ကြား အမျိုးသမီးတွေဟာ သုံးနှစ်တစ်ကြိမ်ပုံမှန်စစ်ဆေးသင့်ပြီး အသက် ၃၀ မှ ၆၅ နှစ် ကြား အမျိုးသမီးတွေမှာ သုံးနှစ် (သို့) ငါးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးသင့်ပါတယ်။ အသက် ၆၅ နှစ်နှင့်အထက် အမျိုးသမီးကြီးများကတော့ ၎င်းတို့သက်တမ်းအတွင်း သုံးကြိမ်လောက်စစ်ဆေးခဲ့ဖူးပြီး ဘာရောဂါလက္ခဏာမှ မပြခဲ့ဖူးဆိုရင်တော့ pap smears စစ်ဆေးဖို့ မလိုအပ်တော့ပါဘူး။

(HPV ကာကွယ်ဆေးထိုးနှံခြင်း) အချို့သော ဆေးသုတေသီများက အမျိုးသမီးတိုင်းသာမက အမျိုးသားအားလုံး အသက် ၂၀ မတိုင်မီ HPV ကာကွယ်ဆေးထိုးနှံခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာဖြစ်မလာအောင် ကြိုတင်ကာကွယ်ထားနိုင်တယ်လို့ဆိုပါတယ်။ ဒ့ါပြင် သမီးမိန်းကလေးများ အသက် ၉ နှစ် အရွယ်ကတည်းကစပြီး ကာကွယ်ဆေး ထိုးနှံလို့ရပါတယ်တဲ့။

(ဆေးလိပ်မသောက်ခြင်း) သားအိမ်ခေါင်းကင်ဆာအပါအဝင် မည်သည့်ရောဂါအတွက်မျိုးမဆို ဆေးလိပ်ဟာ(လုံးဝ)ကောင်းကျိုးမပေးပါဘူး။ မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်ငြား တဆင့်ခံစီးကရက်မီးခိုးငွေ့ကို ရှူရှိုက်ရသူများမှာလည်း ဘေးဖြစ်စေပါတယ်။ ဒါကြောင့် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိသူများကို ဆိုးကျိုးပြုတဲ့ ဆေးလိပ်ကို ဝေးဝေးကရှောင်ကြပါ။




## မကြာခဏဆိုသလို ဆီးသွားခြင်း၊ ဆီးအိမ်မထိန်းနိုင်တော့ဘဲ ဆီးထွက်ကျခြင်း၊ ဆီးထဲမှာသွေးပါခြင်းတို့ဟာလည်း သားအိမ်ခေါင်းကင်ဆာလက္ခဏာဟု . . .

**သားအိမ်ခေါင်းကင်ဆာအတွက်**
**ဆောင်ရန်/ရှောင်ရန် အစားအစာလေးများ**

(၁) မုန်လာဥနီထဲမှာပါရှိတဲ့ beta-carotene နှင့် carotenoids ဓာတ်ပေါင်းစုများက မျက်စိတစ်ခုတည်းအတွက်သာမက ခန္ဓာကိုယ်ထဲရှိ ဆဲလ်များကိုပါ လွန်စွာကောင်းကျိုးပြုပါတယ်။ သားအိမ်ခေါင်းကျန်းမာရေးအတွက် မုန်လာဥနီကို အစိမ်းလိုက် (သို့) အပူပေးချက်ပြုတ်၍ နေ့စဉ်စားပေးသင့်ပါတယ်။

(၂) Green Tea (ခေါ်) လက်ဖက်ရွက်ထဲမှာပါရှိတဲ့ polyphenols, catechins ဓာတ်များက ခန္ဓာကိုယ်အတွက် အလွန်အရေးပါသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ပေးနိုင်တာကြောင့် ကင်ဆာဆဲလ်များပြန့်ပွားမှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါတယ်။ သားအိမ်ခေါင်းကင်ဆာ ဝေဒနာရှင်များသာမက၊ အစာအိမ်၊ အူမကြီး၊ ဆီးကျိတ်၊ အဆုပ် စတဲ့ဝေဒနာရှင်များလည်း Green Tea ကို နေ့စဉ်သောက်ပေးသင့်ပါတယ်။

(၃) ပဲသီး(ခေါ်) ပဲတောင့်ရှည်နှင့် ဘိုစားပဲသီးတို့မှာပါရှိတဲ့ သဘာဝ phytochemicals ဓာတ်ပစ္စည်းက အဖုအကျိတ်များ ကြီးထွားမှုကို နှောင့်နှေးစေတဲ့အပြင် ခန္ဓာကိုယ်ထဲရှိ ဆဲလ်အကောင်းများက ကင်ဆာဆဲလ်အဖြစ်သို့ ပြောင်းလဲသွားမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

(၄) ဆလပ်ရွက်အပါအဝင် အစိမ်းရောင် အရွက်ဖားဖားဟင်းသီးဟင်းရွက်များထဲမှာ ပါရှိသော flavonoids ဓာတ်ဟာ ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ပါတယ်။

(၅) ဂျုံကြမ်းဖြင့်ပြုလုပ်ထားသော အညိုရောင်ပေါင်မုန့်ကြမ်းများကို စားပါ။ ၎င်းဂျုံကြမ်းထဲတွင်ပါရှိသော ကစီဓာတ်နှင့် ဗီတာမင် ဘီ-၆ တို့က ကိုယ်ခံစွမ်းအားကောင်းခြင်း၊ သွေးနီဆဲလ်များ၏ ဇီဝဖြစ်စဉ်ကို ထိန်းသိမ်းပေးခြင်း၊ အာရုံခံအင်္ဂါအဖွဲ့အစည်းများကို တိုးတက်မြင့်မားလာခြင်းစသဖြင့် ကောင်းကျိုးပြုပါတယ်။ (သို့သော် ပြုပြင်ပြောင်းလဲ၍ အရောင်ချွတ်ထားသော ဖြူဆွတ်ဆွတ်ဂျုံမှုန့်များနှင့် ပေါင်မုန့်အဖြူတို့ကို မဆိုလိုပါ။)

(၆) ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ အမဲစတဲ့ တိရစ္ဆာန်အဆီများထဲမှာပါရှိသော arachidonic အက်ဆစ်တစ်မျိုးက လူ့ခန္ဓာကိုယ်ထဲရှိ ကောင်းနေတဲ့ဆဲလ်တွေကို ဖျက်ဆီးပစ်တဲ့အပြင် ကင်ဆာဆဲလ်များပြန့်ပွားခြင်းကိုလည်း အားပေးလေ့ရှိပါတယ်။

(၇) ပင်လယ်ငါး စားပေးပါ။ ငါးကြီးဆီထဲရှိ အိုမီဂါ-၃ ဖက်တီးအက်ဆစ်က သားအိမ်ခေါင်းကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။ ဂုန်လျှော်စေ့ကလည်း အိုမီဂါ-၃ ဖက်တီးအက်ဆစ်ကြွယ်ဝတာကြောင့် အလားတူကောင်းကျိုးပြုပေးပါတယ်။

(၈) သွပ်(ဇင့်ဓာတ်) မှီဝဲပါ။ အင်ဇိုင်း သတ္တုဓာတ်တစ်မျိုးဖြစ်သော ဇင့်ဟာ သားအိမ်ခေါင်းကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သလို ခန္ဓာကိုယ်ကို ဘေးဥပါဒ်ဖြစ်စေတဲ့ ဖရီးရယ်ဒီကယ်လ်များကိုလည်း ဖျက်ဆီးပေးနိုင်ပါတယ်။

(၉) ဂရိတ်ဖရုသီးအပါအဝင်၊ ဗီတာမင်စီပြည့်ဝစွာပါရှိသော လိမ္မော်သီး၊ ပန်းငရုပ်ပွနှင့် ဘရိုကိုလီ(ခေါ်) အစိမ်းရောင်ပန်းဂေါ်ဖီများဟာ ကင်ဆာဆဲလ်ဖြစ်စေတဲ့ နိုက်ထရိုဂျင်ဓာတ်ပေါင်းစုများအန္တရာယ်မှ ကြိုတင်ကာကွယ်ပေးပါတယ်။

(၁၀) ဗီတာမင်အီးကြွယ်ဝတဲ့ မြေပဲ၊ မြေပဲထောပတ်၊ မြေပဲဆီ၊ ဗန်ဒါစေ့၊ ဗန်ဒါစေ့ဆီ၊ နေကြာစေ့၊ နေကြာစေ့ဆီတို့ဟာ ခန္ဓာကိုယ်ထဲရှိ ဆဲလ်များကို ကျန်းမာကြံ့ခိုင်စေတာကြောင့် အထူးသဖြင့် အစာအိမ်၊ အူမကြီး၊ အဆုတ်၊ အသည်း၊ သားအိမ်ခေါင်း စတဲ့ဝေဒနာရှင်များအနေဖြင့် ၎င်းဗီတာမင်အီးကြွယ်ဝတဲ့ အစားအစာတွေကို စားပေးသင့်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

**ဗဟန်း၊ နန္ဒဝန်လမ်း**
**မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်**
**ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်စာအောင်သံဃာ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်**

ကျောင်းတိုက်၌ဝါဆိုတော်မူကြမည့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော စာချ စာသင် သံဃာတော်အရှင်မြတ်(၁၈၀)ပါးနှင့် ပင့်သံဃာဆရာတော်ကြီးများအား ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့ ဦးဆောင်သော ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများက(၄၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ၁၃၇၆-ခုနှစ်တွင် ဤကျောင်းတိုက်မှ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲ ဒုတိယစာချဘွဲ့ရ-အရှင်သီလာစာရာလင်္ကာရ၊ အရှင်သီလဝံသာလင်္ကာရ၊ ဆဋ္ဌဆင့်-ပထမဂုဏ်ထူးရ အရှင် ပညာဓိကာလင်္ကာရ၊ စတုတ္ထဆင့်-ပထမဂုဏ်ထူးရ အရှင်ကုဒ္ဒိဗလာလင်္ကာရ၊ မြင်းခြံမြို့ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲနှင့်မုံရွာမြို့ ပိဋကာလင်္ကာရ စာမေးပွဲသီးခြားစာသင်တန်း(ပထမဂုဏ်ထူး)အောင်-အရှင်ဉာဏုတ္တရာလင်္ကာရ အထူးအောင် အရှင်မြတ်(၅)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောင်းတိုက်ဘာသာစုံ ပရိယတ္တိသဒ္ဓမ္မဟိတစာမေးပွဲမူငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယနှင့်သာမဏေကျော်စာအောင် သံဃာတော်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲမင်္ဂလာတို့ကို (၁၃၇၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့)၃၁-၇-၂၀၁၅(သောကြာနေ့)နံနက်၉း၁၅နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအားလုံး ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ပါရန် ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားအပ်ပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
**ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဝါတွင်းကာလ သီလခံယူပွဲနှင့် တရားပွဲများ ကျင်းပမည်**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် (၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့) ၃၁-၇-၂၀၁၅ရက် နံနက် ၅း၃၀နာရီတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဩဝါဒါစရိယ(၅)ပါးအပါအဝင် ပင့်သံဃာ(၉)ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပပါမည်။ ဆက်လက်၍ နံနက်၉း၃၀နာရီတွင် နိုင်ငံတော်သံဃမဟာနာယကဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ သီလခံယူပွဲကျင်းပကာ မွန်းလွဲ ၁နာရီတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကျင်းပပြီး စေတီတော်အတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်မြတ်(၇)ဆူအား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပါမည်။ ၎င်းအပြင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါတွင်းကာလ ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အတွင်း လဆန်းဂရက် လပြည့်ကျော်ဂရက်နှင့် လပြည့်လကွယ် ဥပုသ်နေ့တိုင်းတွင် စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များထံမှ နံနက်၉း၃၀နာရီတွင် သီလခံယူပွဲနှင့် မွန်းလွဲ၁နာရီတွင် တရားတော်နာယူပွဲများ စီစဉ်ထားရှိပါသည်။ ကလျာဏနွယ်ဝင် မိဘပြည်သူအများ ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့
ဖုန်း-၀၁-၆၆၀၀၀၂၊ ၀၁-၆၆၅၄၂၅

**တောင်ကြီးအသင်း(ရန်ကုန်)**
**ဖိတ်ကြားလွှာ**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်၏ သားသမီးများအား ဂုဏ်ပြုခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၆-၈-၂၀၁၅(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်၉း၃၀နာရီ
ကျင်းပမည့်နေရာ - ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။

မှတ်ချက်။ အသက်(၇၅)နှစ်နှင့်အထက် ဘိုးဘွားများနှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအမည်စာရင်းကို အောက်ပါဖုန်းနံပါတ်များသို့ ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန်။

ဖုန်း-၀၉-၂၅၁၁၅၉၈၂၂၊ ၀၉-၇၃၀၃၉၄၈၇၊ ၀၉-၈၆၁၃၁၅၇၊ ၀၉-၂၅၀၀၀၉၃၁၀








## ယဉ်ယဉ်မိသားစု - အဆင့်မြင့်အထူးခရီးစဉ်

ကျိုက္ကမီ- စက်စဲ- မော်လမြိုင် - ဇင်းကျိုက်ရေတံခွန်
၃၀-၇-၂၀၁၅ မှ ၃၁-၇-၂၀၁၅
စားစရိတ်ငြိမ်း- ၃၃၀၀၀ ကျပ်
L- 7 ယုဇနပလာဇာမြေညီထပ်ဖုန်း-၀၁ ၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅-၀၉ ၇၃၀၀၉၈၄၁

## POSSIBLE Travels & Tours

- July 25,30,31,Aug 1 (35000/Ks)
- July 25,30,31,Aug 1 (35000/Ks)

Ph: 01-706716, 09-259257821~3, 09-250790919, 09-420179988



## ကြေး/မြေ အငြိမ်းစားဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

ကြေး/မြေ အငြိမ်းစားဝန်ထမ်း မိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို (၁၃၇၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) ၉-၈-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်၉နာရီမှ ၁၂နာရီအထိ မြေစာရင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိဝန်ထမ်းများ၊ အလှူရှင်များအားလုံး မိသားစုဝင်များနှင့်တကွ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးအေးမောင်စိန်(၀၉-၄၂၀၇၀၀၉၃၉)၊ ဦးသန်း(၀၉-၄၃၂၀၀၉၀၄)၊ ဦးစောလှိုင်(၀၉-၅၁၄၀၇၁၃)၊ ဦးဖေသန်း(၀၉-၅၀၄၆၂၇၄)၊ ဦးအေးကြူ(၀၉-၄၅၀၀၅၈၅၅၃)၊ ဦးဇော်မင်း(၀၉-၅၃၅၂၄၁၈)



## Myanmar Nissenken Co.,Ltd

ဂျပန်စာ 4 Skill ကျွမ်းကျင်သူ အမြန်အလိုရှိသည်
ကျား/မ (၅)ဦး

- JLPTN-II,III အဆင့်ရှိသူ
- Computer အခြေခံကျွမ်းကျင်၍ ဂျပန်စာကောင်းစွာရိုက်နိုင်သူ
- အင်္ဂလိပ်စကား အထိုက်အလျောက်တတ်ကျွမ်းသူ ဦးစားပေးမည်။

လစာ(၃)သိန်း ~ (၄)သိန်း(ညှိနှိုင်း)
(အသေးစိတ်အချက်အလက်များကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

**ဖုန်း-၀၁-၆၅၀၁၈၁၊ ၀၁-၆၄၆၅၉၄၊ ၀၉-၄၃၀၅၂၂၈၇**

လိပ်စာ-အမှတ်(၈၀၄)၊ အောင်သုခလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။



## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့



မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လိုအပ်သော
အသက်မွေးဝမ်းကျောင်းပညာ (Vocational) ကျွမ်းကျင်သူများလေ့ကျင့်သင်ကြားနိုင်ရန်



## MCC Polytechnic (MCC.p)

များဖွင့်လှစ်လိုက်ပါပြီ

အင်္ဂလန်နိုင်ငံတက္ကသိုလ်များမှ ဘွဲ့ဒီဂရီ ချီးမြှင့်မည်

**MCC Institute**

- B.Sc (Computing)
- B.Sc (Engineering)
- B.B.A

edexcel Approved Centre / BTEC Approved Centre

**MCC Polytechnic**

Level (4) & Level (5)
Higher National Diploma (HND)

- အင်ဂျင်နီယာ ဒီပလိုမာ (Civil, Mechanical, Electrical)
- ကွန်ပျူတာ ဒီပလိုမာ
- စီးပွားရေး ဒီပလိုမာ

- MCC Polytechnic (Yangon) - 01-245762, 249152, 395512
- MCC Polytechnic (Mandalay) - 09-402671562, 09-91034062, 011-202113, 02-77930
- MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
- MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

Enroll Now!

Hot-Line: 01-246634, 01-2304156
www.facebook.com/mcc.institute


AIR KBZ
NEW ROUTE
YANGON - LOIKAW
LOIKAW - YANGON
Taung Kwe Pagoda
Lawpita Hydroelectronic
Touch Down to
Ngwe Taung State
MON, WED, FIRDAY
FLIGHT NO. SECTOR DEPARTURE ARRIVAL
K7 442 Yangon - Loikaw 10:00 11:00
K7 443 Loikaw - Yangon 11:15 12:15
STARTS FROM
1st, AUGUST 2015
FARE
from USD 66$
* One Way (only Myanmar Nationals)
* Without Airport Tax
* Terms & Conditions apply
Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
No. 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
We accept
VISA
www.airkbz.com


FEC
FUKUSHIMA ELECTRIC
E-mail : fecelectric@gmail.com
Distribution Panel
400 Volt Panel
Main Panel
Standard Panel
Indoor / Outdoor Panel
Control Panel
660 Panel
Cable Tray
Cable Trunking
Cable Ladder
Fire Hose Reel Cabinet
Fire Extinguisher Cabinet


Since 1996
Home
Raining Season Special!!
Kitchen Cabinet
BUY One
GET Free
One Coffee Shelf
4ft Upper Cabinet
** Selected Items Only


TMR 007702 (1014)
TMR 011172 (1114)
မိဂသီ

# jynaxmiporwjrermEiiawmtp;&
# quo,a&;Ei owi;tcsutvu en;ynm0eBu;Xme
# pwwajrmu quo,a&;0eaqmirvyie;vipitm; &,o;pEirn
# tx;vyie;urPzpn;a&; tqjy|vmrsm;wioi;&e zwlum;jci;

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှုမူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏ အဓိကရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနှစ်ရပ်လုံးတွင် ချိုသာသောဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သော ဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေး ဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle)ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့် အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာများကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီ အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)နေပြည်တော်သို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါ အထူးလုပ်ငန်းကုမ္ပဏီ အောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချွန်လွှာ ရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြားကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အား သတ်မှတ်ထားသော အခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး (၁၅)နှစ်သက်တမ်းရှိမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

## **အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်ထားသူများ လိုက်နာရမည့် စည်းမျဉ်းများ**

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏ အရင်းအနှီးမတည်ငွေမှာ အနည်းဆုံးမြန်မာကျပ်ငွေ (၃)ဘီလီယံထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေး စွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာ(သို့မဟုတ်) အခြားဘဏ်စာရင်း အထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည်ဆက်သွယ်ရေးကဏ္ဍ၏ ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကို လိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက်ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်း လိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှ တင်ပြလာသော နည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာမဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

(စ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ပြီးသည့်အခါ အစုရှယ်ရာများအလိုက် အချိုးကျပေးဆောင်ရန်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အခွန်အခကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း လက်ငင်းငွေချေပေးဆောင်နိုင်ရမည်။

(ဆ) ကုမ္ပဏီသည် နိုင်ငံတော်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အခြားလိုင်စင်ရရှိသူများ၏ အစုရှယ်ယာများတွင် (၁၀)ရာခိုင်နှုန်းအထိသာ ပါဝင်ခွင့်ရှိမည်ဖြစ်ပြီး လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူခံဝန်ချက်ရေးထိုးရပါမည်။ အဆိုပါ အချက်အလက်များနှင့် တစ်စုံတစ်ရာမကိုက်ညီပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) အဆိုပြုလျှောက်ထားမည့်ကုမ္ပဏီနှင့် ကုမ္ပဏီအဖွဲ့ဝင်များသည် တရားရုံးတစ်ခုခုတွင် အငြင်းပွားမှုဖြစ်ပွားနေခြင်း၊ အမည်ပျက်စာရင်းတွင် ပါဝင်နေခြင်းများ ကင်းရှင်းရပါမည်။

## **အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ**

(က) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့် နည်းလမ်းစဉ်များ၊ အတွေ့အကြုံများနှင့် လုပ်ငန်းအဆိုပြုချက်များကို လျှောက်လွှာတွင်ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ အထောက်အထားများနှင့်အတူ လျှောက်ထားရပါမည်။

(ခ) ကုမ္ပဏီသည် အထူးလုပ်ငန်းကုမ္ပဏီတွင်ထည့်ဝင်မည့် မတည်ငွေပမာဏကို ဖော်ပြရန်လိုအပ်ပြီး ပေါ်ထွက်လာမည့် ဖက်စပ်ကော်ပိုရေးရှင်းမှပေးဆောင်ရမည့် လိုင်စင်အခွန်အခတွင် သတ်မှတ်ထားသောကာလအတွင်း အချိုးကျထည့်ဝင်နိုင်ကြောင်း ဝန်ခံကတိကို အပေါင်ခံငွေတိုက်စာချုပ်နှင့်အတူ ယှဉ်တွဲပေးဆောင်ရမည်။

(ဂ) အထက်ပါအချက်အလက်များ မှားယွင်းဖော်ပြမှုနှင့် ကတိကဝတ်များပျက်ကွက်မှုရှိခဲ့ပါက နိုင်ငံတော်အစိုးရမှနစ်နာမည့် ကိစ္စရပ်များအတွက် အပေါင်ခံငွေတိုက်စာချုပ်ပမာဏကိုလည်း မတည်ငွေ၏သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်း ပေးလျော်နိုင်ရမည်။

**စီမံခန့်ခွဲရေးကော်မတီ**
**အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်**
**တယ်လီဖုန်းအမှတ်-၀၀၉၅၆၇၄၀၇၃၅၀၊ ၀၀၉၅၉၄၅၀၀၀၀၀၂၃၊ Email:so-info1@e-mcit.gov.mm**

ကြော်ငြာ

POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ဗလမ်းသွားလမ်းမကြီး ၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ် ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTLINES: 09-795889588 | 09-796889688 | 09-797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

## နယ်လှည့်သစ္စာဓိဋ္ဌာန်(ပင်မ) ၉၉ကြိမ်မြောက် အောင်ပွဲနှင့် စတုဒိသာရာပြည့်အကြို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရန်နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မိုးပွင့်(အထူး)စီမံချက် အောင်ပွဲအား ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀နာရီတွင် ဗဟန်း ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားတန်ဆောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး(၁၀၀၀)အား ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်းနှင့် အအေးဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ် (၂၀၀၀)တို့အား စတုဒိသာ ကြာဆံကြော်၊ ခေါက်ဆွဲကြော်နှင့် ရေခဲမုန့်များ ဧည့်ခံကျွေးမွေးခြင်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ ဘန္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအား အမျူးထား၍ နတ်စင်တရာကျောင်း ဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် နယ်လှည့်သစ္စာဓိဋ္ဌာန်(ပင်မ) စတုဒိသာအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းမိသားစုများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းက စေတနာသဒ္ဓါထက်သန်စွာဖြင့် ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အနေဖြင့် သန်လျင်မြို့နတ်စင်တရာကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**နယ်လှည့်သစ္စာဓိဋ္ဌာန်(ပင်မ)စတုဒိသာအဖွဲ့**



## ရွှေရတုတိပိဋကဓရ [illegible] မျက်စိဆေးရုံ၏ အလင်းလက်ဆောင်ပေးလှူနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာတွင် ဖွင့်လှစ်ထားရှိသော ရွှေရတုတိပိဋကဓရ [illegible] မျက်စိဆေးရုံတွင် ဆေးရုံစတင်ဖွင့်လှစ်သည်မှ နှစ်နှစ်တာကာလအတွင်း ခွဲစိတ်ကုသပြီးလူနာ နှစ်သောင်းကျော်နှင့် ပြင်ပလူနာ [illegible]သောင်းကျော်ကို အလင်းလက်ဆောင်ပေးလှူနိုင်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ပမျက်စိအထူးကုဆရာဝန်ကြီးများမှ နေ့စဉ်လူနာ(၇၀)ဦး ခွဲစိတ်ကုသပေးလျက်ရှိပါသည်။

အလင်းလက်ဆောင်ပေးလှူလိုသော ကုသိုလ်ရှင်များသည် မျက်စိတစ်လုံးလျှင် အလှူငွေ ၃၀၀၀၀/-နှုန်းဖြင့် ပါဝင်ကုသိုလ်ယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ -

(၁) ရန်ကုန်မြို့ လမ်းမတော် KBZ ဘဏ်၌ ဘဏ်ငွေစာရင်းအမှတ် ([illegible]) ဆရာတော်ဦး[illegible] လှူဒါန်းနိုင်ပါသည်။
(၂) [illegible]
(၃) ရွှေရတုတိပိဋကဓရ [illegible] မျက်စိဆေးရုံ ဖုန်း၊ [illegible]

[illegible]

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ်(၄၉)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ်(၁၄)၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး[၁၂/တမန(နိုင်)၀၉၇၀၃၆]သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး[၁၃/ရစန(နိုင်)၀၀၈၁၀၉]**


**STI MYANMAR UNIVERSITY**
www.stiedu.net

**A World Class UK degree from University of Bedfordshire**
University of Bedfordshire
www.beds.ac.uk/international



- BA (Hons) Business Administration
- BA (Hons) Accounting
- BA (Hons) Accounting & Finance
- BSc (Hons) Construction Management
- BA (Hons) Interior Design
- MBA
- MSc Electronic Engineering
- MSc Engineering Business Management
- MSc Public Health

**Undergraduate Eligibility Criteria**
- GCE A Level or 12 or 13 years of Education
- STIMU's Certificate/ Diploma/ Advanced Diploma holders. Credit Exemption apply.
- IELTS

**Postgraduate Eligibility Criteria**
- Degree from the recognized University
- IELTS

Block-10, MICT Park, University Hlaing Campus, Yangon.
**Tel: 507151/52, 0931702299, 09250064451**
mail: enquiry@stiedu.net
https://www.facebook.com/STIMyanmarUni


**သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့**


# Supply Chain & Logistics
Recruitment, Management Consultancy & Capacity Training Centre
www.bridgesupplychain.com

- Import & Export , Freight Forwarding, Supply Chain & Logistics လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့လုပ်ငန်းခွင် ဝင်ရောက်နေကြသည့်/ကြမည့်သူများအတွက် အထူး ရည်ရွယ်ဖွင့်လှစ်သော • • •

"[illegible] (၁၀၀%) [illegible]"

Fully Applied/Certificate in Management Courses (35 hrs)

**Procurement**
**Warehousing**
**Transportation**
**Stock / Distribution**



- လက်တွေ့လုပ်ငန်းခွင်မှ Case / Operation Studies များဖြင့် သင်ကြားပေးပါသည်။
- Job Interview ဖြေဆိုမည့်သူများအတွက် အောင်မြင်ပြင်ဆင်မှုများကို အခမဲ့ ပံ့ပိုးပေးပါသည်။
- ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအတွက် Corporate Training / Mangament Consultancy Servies/ Logistics Interview များကို စီစဉ်ဆောင်ရွက်ပေးပါသည်။

Centre (1) : ပထမထပ်(ဝဲ)၊ တိုက် (၁၁) ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Centre (2) : ပထမထပ်(ဝဲ)၊ တိုက် (၂၄၂) ဆိပ်ကမ်းသာလမ်း (အထက်)ကျောက်တံတားမြို့နယ်။

[illegible]

**Contact : 09- 5058986**
Enroll Now!



# MIC
## Myanmar Imperial College


MIC New Campus

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management

**MBA | DBA**

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း

09 732 10001 / 09 4211 00222
No. 62 (C), Inya Road, Kamayut Tsp, Yangon, Myanmar.
Enroll Now!

Hot Line No-0930500100

# အက်ဒမန်ပင်လယ်အတွင်းက အသည်းပုံရေကန်ကြီးရှိရာ ကြက်မောက်ကျွန်း



**ကော့သောင်း ဇူလိုင် ၂၇**

မြန်မာကို ကမ္ဘာက စိတ်ဝင်စားစေသည့် အကြောင်းတရားပေါင်းများစွာအနက်မှ လူပရှုမောမဆုံးသော သဘာဝ ကျွန်းပေါင်းများစွာဖြင့် သာယာလှပလွန်းသည့် မြန်မာနိုင်ငံ တောင်ဘက် တနင်္သာရီတိုင်းဒေသကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံ တောင်ဘက်အစွန် ကော့သောင်းခရိုင်ရှိ အက်ဒမန်ပင်လယ်အတွင်းမှ သာယာလှပသည့် ပင်လယ်ကျွန်းပေါင်းများစွာအနက် ကျွန်း၏အလယ်ဗဟိုတွင် ထူးဆန်းလှပပြီး အသည်းပုံရေကန်ကြီးသဖွယ်ဖြစ်ပေါ်နေသည့် ကြက်မောက်ကျွန်း(ခေါ်) Cock Comb Island သည် ကမ္ဘာလှည့် ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ကြက်မောက်ကျွန်း(ခေါ်) Cock Comb Island သည် ကော့သောင်းမြို့အနောက်တောင်ဘက် ပင်လယ်ရေမိုင် ၂၈ မိုင်ခန့်အကွာ၊ Speed boat ဖြင့်သွားလျှင် ၁ နာရီခန့်အတွင်း ရောက်ရှိနိုင်သည့် ဇာဒက်ကြီးကျေးရွာအုပ်စု အက်ဒမန်ပင်လယ်အတွင်းတွင် တည်ရှိသည်။ ကျွန်းအကျယ်အဝန်း ဧက ၁၂၀ ခန့်ရှိပြီး မြေသားလုံးဝမရှိသော သက်နုမီးသင့်ကျောက်သားများဖြင့်ဖွဲ့စည်းထားပြီး မတ်စောက်သည့် ကျောက်တောင်သဖွယ်ဖြစ်သောကြောင့် ကျွန်းပေါ်သို့တက်ရောက်ရန်ခက်ခဲသည်။ ကျောက်တောင်ပတ်လည်ဝန်းရံလျက် အနေအထားဖြင့် ကျွန်းအလယ်ဗဟိုတွင် အချင်းပေ ၃၀၀ ခန့်ရှိ သဘာဝအလျောက်ဖြစ်တည်လျက် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❂

## မာတိကာ

ရေဘေးသတိပြု ကြိုတင်ကာကွယ် စာမျက်နှာ - ၂

ခရေ(သို့မဟုတ်) အေအာရ်တီနှင့် ရှင်သန်နေသူ စာမျက်နှာ - ၁၀

မြန်မာနိုင်ငံ၌ လူဦးရေ စုစုပေါင်း၏ သုည ဒသမ ၅ရ ရာခိုင်နှုန်း အမြင်အာရုံ ဆုံးရှုံး စာမျက်နှာ - ၁၁

အာဂျင်တီးနားဂိုးသမား ရိုမီရိုအား မန်ယူအသင်း ခေါ်ယူ စာမျက်နှာ - ၁၃

## ထူးကဲဒီရေတက်မည်

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၅၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ကွန်ကာကပ်ရွှေဖလား မက္ကဆီကို ခုနစ်ကြိမ်မြောက်ဆွတ်ခူး

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် ကွန်ကာကပ်ရွှေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဂျမေကာအသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွန်ကာကပ်ရွှေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ကွန်ကာကပ်ရွှေဖလားပြိုင်ပွဲကို ကနေဒါနိုင်ငံတွင် ဇူလိုင် ၇ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး မက္ကဆီကိုအသင်းသည် ဂျမေကာအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ကွန်ကာကပ်ရွှေဖလားကို ခုနစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျမေကာအသင်းမှာမူ ပထမဆုံးအကြိမ်အဖြစ် ကွန်ကာကပ်ရွှေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ဂျမေကာအသင်း ရည်ရွယ်ထားခဲ့သည့် ပထမဆုံးအကြိမ် ကွန်ကာကပ်ရွှေဖလားရရှိနိုင်ရေး မျှော်လင့်ချက်မှာ မက္ကဆီကို၏ အကောင်းဆုံးထိန်းချုပ်ကစားနိုင်မှုကြောင့် ပျက်ပြယ်ခဲ့ရသည်။

**စာမျက်နှာ ၆ ကော်လံ ၅ သို့** ❖



အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

ဘာသာရပ်အသီးသီး၏အမေးပုံစံတို့ကို စုစုစည်းစည်းထားလိုသူများ၊ လေ့လာလိုသူများ၊ ကိုယ်တိုင်ဖြေပြီး အဖြေတိုက်ကြည့်လိုသူများအတွက်

လက်ဆောင်သစ်
Reg. 3616/2010
တက္ကသိုလ်ဝင် Grade XI
မေးခွန်းဟောင်းများစုစည်းချက်
၂၀၀၂ မှ ၂၀၁၅ ခုနှစ်ထိ
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ထွက်ပြီ

တက္ကသိုလ်ဝင် သင်္ချာမေးခွန်း Section (A) မှာ (၂၅)မှတ် အပြည့်ရဖို့နှင့် Section (B), (C) Problems ကိုအလွယ်တကူဖြေရှင်းနိုင်ရန်
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
Reg. 3123/2003
တက္ကသိုလ်ဝင် Grade XI
MATHEMATICS
MULTIPLE CHOICE
ဦးသိန်းမြင့် M.Sc (Maths) (ပါမောက္ခ၊ ငြိမ်း)
ထွက်ပြီ

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily